# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း (၅)ရက် ၊ သောကြာနေ့ ၊ (20-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၉၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ

### ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ချင်းတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် ၇၈ နှစ်မြောက် "ချင်းအမျိုးသားနေ့" နေ့ထူးနေ့မြတ် အခါသမယ၌ ချင်းတိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူစည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါသိက္ခာရှိစွာ ရပ်တည်နိုင်ခဲ့ပါသည်။

စာမျက်နှာ ၁၈ ကော်လံ ၁

## နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၉

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၁၉ ကော်လံ ၁




ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# တပ်မတော်စစ်ကြောင်းများ၏ ဖားဆောင်းမြို့ အောင်ပွဲ

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် အဓိကကျပြီး တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်ရေးသည် အလှမ်းဝေးနေဦးမည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများကို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိသည်။

သို့သော် ကယားပြည်နယ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန်၊ ဒေသခံတိုင်းရင်းသားပြည်သူများ အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်၍ အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ဖားဆောင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ယာယီစိုးမိုးထားသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့်ပြင်ဆင်မှုများဆောင်ရွက်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစ၍ နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများ၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်ပြီး ပြန်လည်ထိန်းချုပ်လျက်ရှိရာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ကယားပြည်နယ် ဖားဆောင်းမြို့ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် ၃၁ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ လက်နက်မျိုးစုံ ၁၇ လက်၊ အကြမ်းဖက်သမား ရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။ အဆိုပါတိုက်ပွဲများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရပြီး အချို့ထိခိုက်၊ ဒဏ်ရာရရှိခဲ့သည်။

ယခုကဲ့သို့ တပ်မတော်စစ်ကြောင်းများက ဖားဆောင်းမြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် လွိုင်ကော်-ဒီးမော့ဆို-ဖရူဆို-ဘောလခဲ-ဖားဆောင်း ဆက်သွယ်ရေးလမ်းမကြီးကို မကြာမီအချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြပြီး တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းမကြီးကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ရာ တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သောင်းကျန်းသူများကို စစ်ကြောင်းများခွဲ၍ တစ်ဆင့်ပြီးတစ်ဆင့် မိမိတို့၏အသက်ကိုပဓာနမထားဘဲ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့သော တပ်မတော်သားများ၏ ကယားပြည်နယ် ဖားဆောင်းမြို့အောင်ပွဲအပေါ် ချီးကျူးဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၅၂၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မင်းကင်း ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၅၂၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၀၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၂၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၀၃ တင်းထွက်ရှိကြောင်း သိရသည်။

"မင်းကင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၃၀၀၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ၁၅၂၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ကျုံပျော် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက် ခဝဲသီးများ ယခုနှစ် ဖေဖော်ဝါရီလပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၄၅၀၀၀ မှ ၆၀၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ ခဝဲသီးအလုံးရေ ၆၀၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးက ကျုံပျော်မြို့နယ်က ဒေသထွက်ကုန်တစ်ခုပါ။ အခုအရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်။ အခုလို ဒေသထွက်ကုန် ခဝဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်းပိုမိုအဆင်ပြေလာပါတယ်"ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် လက်ရှိ ခဝဲသီးများအပါအဝင် ဒေသထွက်ကုန် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါခဝဲသီးများ ဝယ်ယူအားကောင်း အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပင်လောင်းမြို့နယ် သစ်ပင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပင်လောင်း ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းဘူးကျေးရွာအုပ်စု သစ်ပင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက သစ်ပင်ကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးကာ အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၃၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၉၁၂၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် အေးကြည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးကြည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၂၂ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀ ကို ငွေကျပ် ၃၃ ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို ရန်ပုံငွေကျပ် ၅၇ ဒသမ ၇၅ သန်းကို ထုတ်ချေးပေးထားပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုထံမှ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့အကွက် (၄၉၂) မာလကာခြံနေ မညိမ်းစုဟန် မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့တာ ဆွမ်းအလှူငွေကျပ် ၆၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကြက်သွန်နီ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**ခင်ဦး ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကြက်သွန်နီ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၈၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှစတင် နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာချိန် ၄၃၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၄၈၄၇ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ အထွက်နှုန်းလဲ ကောင်းပါတယ်။ ကြက်သွန်နီဈေးကွက်ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများကို ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီ ဖြစ်စေရန်အတွက် ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ကြက်သွန်နီတစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကြက်သွန်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရွှေတောင်မြို့နယ် သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှေတောင် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က သရက်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၇၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သရက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဖူးစားပြောင်းအဖူးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဒေသထွက်ဖူးစားပြောင်း အဖူးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အကြီးလေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ဒေသထွက် ဖူးစားပြောင်းအဖူးရေ ၈၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ တစ်အတွင်း ဒေသထွက် ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းက ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်း အဖူးရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ အများအပြား တင်ပို့ရောင်းချနေရတော့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ အဆင်ပြေလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးလဲကောင်းပါတယ်" ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အကြီးလေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အကြီးလေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကလေးသူငယ် လူငယ်များရဲ့ဒုစရိုက်မှုများ တားဆီးနိုင်ကြပါစေ

"သူငယ်ချင်းရေ ... ဒုစရိုက်မှုကျူးလွန်ကြသူတွေထဲမှာ ကလေးသူငယ်တွေပါဝင်လာကြတာ တော်တော်များပြားလာတယ်ကွ။ ကောက်တို၊ အလစ်သုတ်၊ ခါးပိုက်နှိုက်၊ ခိုးဝှက်လုယက်၊ အုပ်စုဖွဲ့အနိုင်ကျင့်၊ အဓမ္မကျင့်၊ လူသတ်မှုတွေအဆင့်ထိ ပါဝင်လာကြတာကို မြင်တွေ့ကြားသိနေရတော့ နောင်ရေးအတွက် ရတက်မအေး ရင်လေးစရာတွေပါလားကွာ"

"စားဝတ်နေရေးကျပ်တည်းမှုတွေနဲ့ လူနေမှုပတ်ဝန်းကျင်အခြေအနေအရ အကျင့်စာရိတ္တတွေပျက်စီးလာကြတာပဲကွ။ ကောက်တိုအဆင့်၊ ထဘီရုပ်တဲ့အဆင့်ကနေ သူခိုးအဆင့်ကိုရောက်လာကြတယ်။ သူခိုးအဆင့်ကနေ ဖောက်ထွင်းလုယက်မှုအဆင့်ကို ရောက်လာကြတယ်။ အရက်၊ ဘီယာ၊ မူးယစ်ဆေးမှိုဝဲသုံးစွဲလာကြတဲ့အခါမှာ ပိုပြီးမိုက်မဲလာကြတယ်။ ဒီကြားထဲ လောင်းကစားဖက်လာကြတဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟစိတ်တွေကြောင့် သွေးကြွသွေးဆူလာကြပြီး မိုက်ရူးရဲဆန်ဆန် ခိုက်ရန်ဖြစ်ပွားလာကြတယ်။ ရိုက်နှက်ထိုးကြိတ်သတ်ဖြတ်လာကြတယ်။ ဖုန်းလေးတွေကိုယ်စီနဲ့ ဖုန်းထဲကကာမရာဂထကြွစေတဲ့ ပုံရိပ်တွေကို မြင်တွေ့အားကျလာကြပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ လက်တည့်စမ်းတဲ့သဘောမျိုး ပြုမူလှုပ်ရှားကျင့်ကြံလာကြတယ်။ မီးခိုးမထွက်တဲ့ စက်ရုံလို့ခေါ်ကြတဲ့ တည်းခိုခန်း၊ အင်း၊ မိုတယ်၊ ဟိုတယ်တွေမှာ ဖို၊ မဆက်ဆံရေးကို ထမင်းစားရေသောက်သဘောမျိုး လွယ်လွယ်ပဲ ကျင့်သုံးလာကြတယ်။ မင်းပြောသလိုပဲ ရင်မောစရာကြီးပါကွာ"

"မင်းပြောမှ ငါသတိရတယ်။ အင်တာနက်ချစ်သူက ချိန်းလို့ သွားတွေ့တဲ့မိန်းကလေးအဓမ္မကျင့်ခံခဲ့ရတယ်။ တစ်ယောက်ဆိုရင် အဓမ္မကျင့်ပြီး သတ်ဖြတ်လုယက်ခံခဲ့ရတယ်"

"အဲဒါမျိုးတွေက တစ်မှု၊ နှစ်မှုမကဘူးကွ။ တော်တော်များလာတယ်။ လူငယ်ပျို့ရွယ်သူတွေသာမကဘူး၊ အိမ်ထောင်ရှင်အမျိုးသမီးကြီးတစ်ဦးတောင်ပါသေးတယ်။ အင်တာနက်ချစ်သူနဲ့ ဖောက်ပြားနေတဲ့ အမျိုးသမီးကြီးဟာ လင်ကြီးကိုစွန့်ပြီး ရန်ကုန်ကိုရောက်လာခဲ့တယ်။ တည်းခိုခန်းမှာ တစ်ညအိပ်ခဲ့ကြပြီး နောက်တစ်နေ့မှာ ရှိသမျှအကုန်ပါသွားခဲ့တယ်။ ကူကယ်ရာမဲ့ဘဝရောက်သွားခဲ့တယ်။ အဲဒါတွေကိုထားပါအုံးကွာ။ အထူးသဖြင့် ကလေးသူငယ်တွေ၊ ဒုစရိုက်မှုကျူးလွန်လာကြတာဟာ သိပ်အန္တရာယ်ရှိတယ်ကွ။ ကျောင်းသားတွေ ရန်ဖြစ်၊ ဓားနဲ့ထိုးကြ၊ သံလက်သီးနဲ့ ထိုးကြိတ်ကြ။ လှိုင်သာယာက လက်ဖက်ရည်ဆိုင်မှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှုထဲမှာ ကလေးသူငယ်တွေပါလာခဲ့တယ်။ အိမ်ဖော်ကို အဓမ္မကျင့်တဲ့အထဲမှာ ကလေးသူငယ်တွေ ပါလာကြတယ်။ ကော်ငွေ့ရှူ ကလေးကချေလေးတွေက အသွေးအသား ဈေးကစားနေသူလေးကို အဓမ္မကျင့်၊ ကျောက်ခဲနဲ့ထုသတ်၊ မီးရထားလမ်းဘေးမှာ စွန့်ပစ်အလောင်းဖျောက်ခဲ့တဲ့ မှုခင်းမျိုး၊ ဆိုင်ကယ်တွေနဲ့ အုပ်စုဖွဲ့ပြီး အပျော်တမ်းလုယက်သောက်စားနေကြတဲ့မှုခင်းမျိုးတွေ၊ နေ့ဘက်မှာ ကောက်တို၊ ညဘက်မှာ သော့ဝိဇ္ဇာ၊ ဖောက်ထွင်းဝိဇ္ဇာဖြစ်နေကြတဲ့ ကလေးတွေ မှုခင်းတွေက စုံနေတာပါပဲကွာ"

"အဲဒီလို သောင်းကျန်းရမ်းကားနေကြတဲ့ ကလေးသူငယ်တွေနဲ့ လူငယ်တွေကို တာဝန်ရှိကြသူတွေက ဘယ်လိုအရေးယူအပြစ်ပေးနေသလဲကွ"

"တာဝန်ရှိသူတွေကလဲ ပြဋ္ဌာန်းထားတဲ့ တရားဥပဒေအရသာ၊ ဥပဒေနဲ့အညီ အရေးယူအပြစ်ပေးနေကြတာပဲကွ။ လူကြီးတွေနဲ့ ကလေးသူငယ်တွေကို အရေးယူအပြစ်ပေးတဲ့အခါမှာ အပြစ်ပေးပုံပေးနည်းက မတူဘူးကွ။ ကွဲပြားခြားနားတယ်"

"ဘယ်လိုကွဲပြားခြားနားတာလဲကွ။ ရှင်းပြစမ်းပါအုံး"

"ငါသိထားတာကိုပဲ ရှင်းပြမယ်။ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ-၂(က) အရ ကလေးသူငယ်ဆိုတာ အသက် ၁၆ နှစ် မပြည့်သေးသောသူကိုဆိုတာကွ။ ပုဒ်မ-၂ (ခ) အရ လူငယ်ဆိုတာ အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသူကိုဆိုတာကွ။ အခုတော့ အသက် ၁၈ နှစ်အောက်ကို ကလေးသူငယ်အဖြစ် သတ်မှတ်ထားတယ်ကွ။

"အသက် ၁၆ နှစ် မပြည့်သေးတဲ့ကလေးတစ်ယောက်ပြစ်မှုကျူးလွန်ရင်း ကလေးသူငယ်အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိတဲ့ တရားသူကြီးက ကလေးသူငယ်ဥပဒေနဲ့အညီ စစ်ဆေးစီရင်ရတယ်ကွ။ အသက် ၁၆ နှစ်အထက်၊ အသက် ၁၈ နှစ် မပြည့်သေးတဲ့လူငယ်တွေ ပြစ်မှုကျူးလွန်ရင် ကလေးသူငယ်ဥပဒေ ပုဒ်မ-၇၀ အရ ပြစ်မှုကျူးလွန်တဲ့လူငယ်ရဲ့ အသက်နဲ့ အကျင့်စာရိတ္တ၊ နေထိုင်တဲ့ပတ်ဝန်းကျင်အခြေအနေ၊ ကိုယ်စိတ်အခြေအနေ၊ ပြစ်မှုကျူးလွန်ရတဲ့အကြောင်းရင်းတွေကို ထည့်သွင်းစဉ်းစားကြရတယ်။ ဆိုလိုတာကကွာ။ မိခင်နဲ့သူ့ကို အရက်မူးပြီး နှိပ်စက်လွန်းတဲ့ ပထွေးကို နီးစပ်ရာထင်းချောင်းနဲ့ရိုက်လိုက်လို့ လူသတ်တရားခံဖြစ်သွားတဲ့ မယားပါသားလူငယ်နဲ့ အိမ်ဖော်ကို အဓမ္မကျင့်တဲ့လူငယ် အပြစ်ပေးပုံပေးခြင်း ဘယ်မှာတူနိုင်ပါ့မလဲကွာ။ အိမ်ကဓားယူလာပြီး လမ်းကနေစောင့်ပြီး၊ အငြိုးထားဓားနဲ့ထိုးသတ်တဲ့ လူငယ်နဲ့ အချင်းများကြရင်းက နီးစပ်ရာအုတ်ခဲနဲ့ထုလိုက်လို့ သေဆုံးသွားစေတဲ့လူငယ်ကို အပြစ်ပေးပုံပေးခြင်းကလဲ မတူညီနိုင်ဘူးကွ။

**"ကလေးသူငယ်ဥပဒေပုဒ်မ-၇၁ မှာ ပြဋ္ဌာန်းထားတာက လူသတ်မှုကျူးလွန်တဲ့ပြစ်မှုမှာ ဘယ်အတိုင်းအတာထိ ကျူးလွန်ကျူးလွန်...**

**(က) လူငယ်ကိုသေဒဏ် ဒါမှမဟုတ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခြင်း မပြုရဘူး။**

**(ခ) လူငယ်ကိုထောင်ဒဏ်ချမှတ်ရင် အများဆုံး ထောင်ဒဏ် ၁၀ နှစ်ထက်မပိုရဘူး"** လို့ ပြဋ္ဌာန်းသတ်မှတ်ထားတယ်ကွ"

"ဆိုလိုတာကကွာ။ လူငယ်တစ်ယောက်ပြစ်မှုကျူးလွန်ရင် လူကြီးတွေလို ပြင်းပြင်းထန်ထန် အပြစ်ပေးခြင်းမရှိဘဲ သက်သက်ညှာညှာနဲ့ သင်ခန်းစာရ နောင်ကြဉ်ရုံလောက်သာ အပြစ်ဒဏ်ပေးတဲ့ သဘောပေါ့ကွာ"

"တစ်ခါမိုက်မှားမိရုံလေးနဲ့ ဒေါသအလျောက်ဖြစ်ပွားတဲ့ပြစ်မှုကြောင့် ထောင်ထဲရောက်သွားတဲ့အခါ ဒုစရိုက်လုပ်ငန်းတွေကို မိုက်မိုက်ကန်းကန်းသောင်းကျန်းကြဖို့ မြှောက်ထိုးပင့်ကော်လှုံ့ဆော်နှိုးဆွပေးကြလေ့ရှိတယ်။ အတုယူလွဲမှားစေတဲ့ ဒုစရိုက်လုပ်ငန်းတွေကို သင်ကြားပေးကြလေ့ရှိတယ်။ အဲဒီလို ဒုစရိုက်မိုက်ကန်းမှုအတတ်ဆိုးမျိုးတွေကို တတ်ကျွမ်းလာကြပြီဆိုရင်တော့ ကလေးသူငယ်လေးတွေရဲ့ဘဝဟာ ရေနစ်သူကို ဝါးကူလို့ထိုးဆိုသလို ပိုဆိုးသွားကြမှာပေါ့ကွာ"

"ပိုဆိုးတာပေါ့ကွာ။ တစ်ကိုယ်တော်ဖောက်ထွင်းဝိဇ္ဇာ ၁၃ နှစ်အရွယ်ကလေးတစ်ဦးဟာ ကောက်တို၊ ထဘီရုပ်၊ အလစ်သုတ်တဲ့အဆင့်နဲ့ ကလေးထောင်ထဲရောက်သွားခဲ့တာ။ ပြန်လဲထွက်လာရော ဖောက်ထွင်းဝိဇ္ဇာဖြစ်သွားတော့တာပဲ။ သူ့ကိုဖမ်းမိလို့ စစ်ဆေးလိုက်တဲ့အခါ သူဖောက်ထွင်းခိုးယူထားတဲ့ပစ္စည်းမျိုးစုံ ကားကြီးတစ်စီးစာ သိမ်းဆည်းရမိခဲ့တယ်။ စတိုးဆိုင်တွေ၊ ဖုန်းအရောင်းဆိုင်တွေထဲ ညဘက်မှာဝင်ခိုးကြတဲ့ ကလေးသူငယ်တွေလဲ အတုယူလွဲမှားပြီး ကျူးလွန်ခဲ့ကြတာပဲကွ။ အဲဒီလိုအတုယူလွဲမှားမှုမျိုးတွေမဖြစ်ပွားအောင် မြှောက်ထိုးပင့်ကော်သမားတွေနဲ့ မတွေ့နိုင်အောင် သက်ဆိုင်ရာတာဝန်ရှိလူကြီးတွေက စီစဉ်ထားကြတယ်ကွ"

"ဘယ်လိုစီစဉ်ထားတာလဲ"

"ကလေးသူငယ်တွေနဲ့ လူငယ်အကျဉ်းသားတွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ ပတ်သက်လို့ **"ကလေး သူငယ်ဥပဒေပုဒ်မ-၅၂"** မှာ. . .

(က) အသက် ၁၈ နှစ် ပြည့်တဲ့နေ့အထိ လူကြီးအကျဉ်းသားများနဲ့ ရောမထားရဘူး။

( ခ ) လူကြီးအကျဉ်းသားများ ကူးလူးဆက်ဆံခြင်းမပြုနိုင်တဲ့ သီးခြားအဆောင်ခန်းမှာ ထားရမယ်။

( ဂ ) ချမှတ်ထားတဲ့စည်းကမ်းနဲ့အညီ မိဘဆွေမျိုးများနဲ့တွေ့ဆုံခွင့်။ သတ်မှတ်ထားတဲ့ ပစ္စည်းများနဲ့ အစားအသောက်များ ပို့ခွင့်ပြုရမယ်။

(ဃ) အလုပ်ကြမ်းခိုင်းစေခြင်းမပြုရဘူး။

( င ) ကျန်းမာရေး စစ်ဆေးခြင်း ပုံမှန်ပြုလုပ်ရမယ်။

( စ ) အကျင့်စာရိတ္တ ပြုပြင်ရေးဆိုင်ရာနဲ့ အသက်မွေးကျောင်းဆိုင်ရာပညာရပ်များ လေ့ကျင့်သင်ကြားပေးရမယ်။

(ဆ) တည်ဆဲစည်းမျဉ်းစည်းကမ်းများနဲ့အညီ လျှော့ရက်ခံစားရမယ်လို့ ပြဋ္ဌာန်းထားတယ်ကွ-

"အဲဒီပြဋ္ဌာန်းချက်နဲ့အညီ ကလေးသူငယ်တွေနဲ့ လူငယ်အကျဉ်းသားတွေကို ထောင်တိုင်းမှာ မထားရဘူး။ ကလေးအကျဉ်းထောင်တွေမှာပဲ ထားကြရတယ်"

"မင်းပြောသလိုဆိုရင် ကလေးသူငယ်တွေနဲ့ လူငယ်တွေ မလွဲရှောင်သာလို့ ပြစ်မှုကျူးလွန်မိရင်တောင်မှ လူကြီးတွေလို ပြင်းပြင်းထန်ထန်အရေး မယူဘဲ သက်သက်ညှာညှာ အရေးယူတယ်ဆိုပြီး မိုက်ရူးရဲလုပ်၊ ထပ်တလဲလဲ ကျူးလွန်နေကြရင်တော့ အသက် ၁၈ နှစ်ပြည့် လူကြီးစာရင်းဝင်လာတာနဲ့ တစ်ပြိုင်နက် လူကြီးတွေကျခံရတဲ့ ပြစ်ဒဏ်အတိုင်း ကျခံကြရမှာပဲကွ"

"အေး...ဒါကြောင့် ကလေးသူငယ်တွေနဲ့ လူငယ်တွေအတွက် အဲဒီလို သက်သက်ညှာညှာ ပြဋ္ဌာန်းထားတာကို ဒုစရိုက်သမားတွေက အခွင့်အရေးတစ်ရပ်ပဲဆိုပြီး လုပ်ကြံဖန်တီးကျူးလွန်လာကြသေးတယ်ကွ"

"ဘယ်လိုလုပ်ကြံဖန်တီးကျူးလွန်တာလဲကွ"

"အသက် ၁၈ နှစ်ကျော်နေကြတဲ့ ဒုစရိုက်သမားတွေက အကယ်၍သူတို့ကိုဖမ်းမိခဲ့ရင် ကလေးသူငယ်နဲ့ လူငယ်တွေအတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့အရေးယူရင် သက်သာလျော့နည်းသွားမှာ သေချာတယ်လို့ အပိုင်တွက်ဆကြပြီး အသက်ကိုလိမ်ထားကြတယ်။ မွေးနေ့၊ လ၊ ခုနှစ် အမှန်၊ အသက်အမှန်ပါတဲ့ ကျောင်းထွက်လက်မှတ်အတု လုပ်ထားကြတယ်။ အရွယ်နဲ့အသက်ကိုမသင့်လို့ နေထိုင်ခဲ့တဲ့ကျောင်းကိုသွားရောက်စုံစမ်းတော့မှ လိမ်ညာထားတဲ့အသက် အမှန်ကိုသိကြရပြီး လူကြီးတွေကိုပြဋ္ဌာန်းထားတဲ့ ဥပဒေအရ အရေးယူအပြစ်ပေးခဲ့ကြရတယ်။ တချို့ကလဲ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးတချို့ကို လက်ဆောင်ပေးလာဘ်ထိုးပြီး မွေးသက္ကရာဇ်ကို ပြောင်းပေးဖို့စည်းရုံးခဲ့ကြတယ်။ ဥပဒေနဲ့စည်းကမ်းကို နားလည်ကြတဲ့ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးတွေက လုံးဝလက်မခံကြပါဘူး။ သူတို့ဆီကိုလာဘ်ထိုးပြီး မွေးသက္ကရာဇ်ပြင်ခိုင်းသူတွေဟာ မကြာခင်မှာပဲ ဒုစရိုက်မှုကြောင့် အပြစ်ပေးအရေးယူခံကြရတဲ့အခါ တို့အဂတိမလိုက်စားတာ သိပ်မှန်သွားပါလားလို့ သက်ပြင်းကိုယ်စီချပြီး သံဝေဂရခဲ့ကြတယ်။ အဲဒီလို သာဓကတွေ အများကြီးရှိခဲ့တယ်ကွ"

"တကယ်တော့ ကလေးသူငယ်နဲ့ လူငယ်ဆိုတာ အပြစ်ကင်းစင်သန့်ရှင်းတဲ့ တက်သစ်စအညွန့်အဖူးလေးတွေပါကွာ။ မိဘအုပ်ထိန်းသူတွေရဲ့ အထိန်းအသိမ်း၊ အပြုအပြင်၊ သွန်သင်ညွှန်ပြဆိုဆုံးမမှုကောင်းမွန်မှန်ကန်ဖို့နဲ့ ပတ်ဝန်းကျင်ကောင်းမှာ ကျင်လည်နေထိုင်တတ်ဖို့လိုတာပေါ့ကွာ။ "တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး"ဆိုတဲ့စကားတောင်ရှိတယ်မဟုတ်လား။ ကျေးညီနောင်ပုံပြင်ထဲကလို ရဟန်းသံဃာတွေရှိတဲ့ ကျောင်းသင်္ခမ်းကို ရောက်သွားတဲ့ ကျေးက ယဉ်ကျေးသိမ်မွေ့ပြီး ခိုးသားဓားပြတွေရဲ့ လက်ထဲရောက်သွားတဲ့ကျေးက ရိုင်းစိုင်းကြမ်းတမ်း ရက်စက်တယ်မဟုတ်လား။ အဲဒီလိုဖြစ်ပျက်နေကြလေတော့ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ်ဟာ ဒွန်တွဲဖြစ်ပေါ်နေတာပဲကွ။ ပြစ်မှုဆိုတာကလဲ လောကဓမ္မတာအရ မဖြစ်ချင်လဲ ဖြစ်နေကြရတာပဲ မဟုတ်လား။ အသက်တစ်ရာမနေရ အမှုတစ်ရာကြုံရဆိုတဲ့ ဆိုရိုးစကားတောင်ရှိနေသေးတာပဲကွာ။ ဒီတော့ကာ လူအချင်းချင်း ရိုင်းပင်းကူညီစိတ်၊ စာနာညှာတာစိတ်၊ သည်းခံစိတ်၊ ဟီရိဩတ္တပ္ပလောကပါလတရားနှစ်ပါးနဲ့အညီ ကျင့်ကြံနေထိုင်ကြလိုစိတ်တွေကို အသိသတိနဲ့ ထိန်းသိမ်းကြပ်မတ်သွားကြမယ်ဆိုရင်တော့ အေးချမ်းသာယာတဲ့ လူနေမှုဘဝကို ရကြမှာပေါ့ကွာ"

"ဒါပေါ့ သူငယ်ချင်းရေ"

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**

❖ ကလေးသူငယ်တွေနဲ့ လူငယ်တွေ မလွဲရှောင်သာလို့ ပြစ်မှုကျူးလွန်မိရင်တောင်မှ လူကြီးတွေလို ပြင်းပြင်းထန်ထန်အရေး မယူဘဲ သက်သက်ညှာညှာ အရေးယူတယ်ဆိုပြီး မိုက်ရူးရဲလုပ်၊ ထပ်တလဲလဲ ကျူးလွန်နေကြရင်တော့ အသက် ၁၈ နှစ်ပြည့် လူကြီးစာရင်းဝင်လာတာနဲ့ တစ်ပြိုင်နက် လူကြီးတွေကျခံရတဲ့ ပြစ်ဒဏ်အတိုင်း ကျခံကြရမှာပဲကွ။ အေး...ဒါကြောင့် ကလေးသူငယ်တွေနဲ့ လူငယ်တွေအတွက် အဲဒီလို သက်သက်ညှာညှာ ပြဋ္ဌာန်းထားတာကို ဒုစရိုက်သမားတွေက အခွင့်အရေးတစ်ရပ်ပဲ ဆိုပြီး လုပ်ကြံဖန်တီးကျူးလွန်လာကြသေးတယ်ကွ။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ပုသိမ် ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံကေ ၂၄၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံစုံ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ရာသီမှာ စားဖိုဆောင်သီးနှံစုံတွေ လျာထားကေအားလုံး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံစုံတွေ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေမှာ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာများနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ် စားဖိုဆောင်သီးနှံစုံကို ဒေသနဲ့ ကိုက်ညီပြီး ဈေးကွက်ရှိတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ ဟင်းနုနယ်၊ မုန်လာဥဖြူ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

စားဖိုဆောင်သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် တောင်ရှာလေးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တောင်ရှာလေးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက တောင်ရှာလေးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

တောင်ရှာလေးကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလံ ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၉ ဒသမ ၇ သန်းဖြင့် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ ခုနှစ် ဇူလိုင်လပထမပတ်မှ စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နယ်မြေဒေသနှင့် သင့်တော်သည့် နည်းလမ်းများကို ရွေးချယ်ပြီး နည်းလမ်းမျိုးစုံဖြင့် ရေရရှိရေးလုပ်ငန်းများကို အစဉ်တစိုက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတ**

# ရှင်လန်းချမ်းမြေ့ ချင်းအမျိုးသားနေ့

\- ချင်းပြည်နယ် ထူးခြားလှ
စာသလို့ မကုန်နိုင်၊
တောင်တန်းတွေ ရှုမျှော်ကြည့်
ပီတိဖြာလှိုင်၊
အေးချမ်းတဲ့ စိမ့်စမ်းမြိုင်
မွှေးသင်းကြိုင် ပန်းရနံ့တို့၊
သစ်ဝါးတွေ လွှမ်းစွာပေါတယ်
အံ့သြဖွယ်မို့။

\- ခေါ်နုသမ် ဥယျာဉ်ကြီး
အံ့ချီးလို့ မကုန်ပေ၊
အပန်းဖြေ သာယာလှ
ပျော်ကြမယ်လေ၊
အေးချမ်းလို့ ပျော်ပါစေ
အလှကုန္ဒေ သာပေကြောင်း၊
ချင်းပြည်နယ် ချင်းလူမျိုးများ
စိတ်ထားတွေကောင်း။

\- ချင်းပြည်နယ် တိုးတက်ရေး
ရည်မြော်တွေး ဆောင်ရွက်လျှင်၊
စိုက်ပျိုးမွေးမြူ လူမှုဘဝ
မြင့်ရမည်ပင်၊
ချင်းပြည်နယ် တစ်ခွင်
ရောက်ဖူးလျှင် တကယ်လွှမ်း၊
ချင်းရိုးရာ ဝါးညှပ်အက
မြူးကြွပုံဆန်း။

\- ချင်းပြည်နယ် တောင်ဇလပ်ပန်း
အံ့မခန်း မြင်တွေ့ပြီ၊
အောက်ချင်းငှက်လို သစ္စာထား
ဝင့်ကြွားတည်ကြည်၊
စိတ်ထားက ဖြူစင်သည်
ဂျပ်ခုတ်ထည် အသွင်မြင့်၊
ချင်းရိုးရာ ချင်းခလေ့မို့
ပျော်မွေ့ဖွယ်တင့်။

\- ကောက်သစ်ပွဲတော် တူပျော်နွှဲ
ပျော်ရွှင်ပွဲ အစဉ်လာ၊
စည်းလုံးကာ ညီညွတ်မှု
ပြုကြမည်သာ၊
ခက်ခဲမှန်သမျှ ကျော်လွှားကာ
ပြည်နယ်မှာ ဖွံ့ဖြိုးရေး၊
စည်းလုံးညီ လက်ချင်းယှက်
ဆောင်ရွက်စို့လေး။ ။

(ဖေဖော်ဝါရီ၂၀ ရက်တွင်ကျရောက်သော ချင်းအမျိုးသားနေ့ဂုဏ်ပြုကဗျာ)

**အာကာမောင်မောင်**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင် ကျူးဘားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**မော်စကို ဖေဖော်ဝါရီ ၁၉**

ရုရှားသမ္မတ ပူတင်သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ကျူးဘား နိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရီဂက်ဇ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အနေဖြင့် ကျူးဘားနိုင်ငံအပေါ် ကန့်သတ်ချက်သစ်များ ထပ်မံချမှတ်ထားခြင်းမှာ လက်သင့်ခံ၍မရနိုင်သောကိစ္စဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ကျူးဘားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် တစ်ဖက်တွင်လည်း ရုရှားနှင့် ကျူးဘားနှစ်နိုင်ငံ ဆက်ဆံရေးမှာ အပြုသဘောဆောင်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိနေကြောင်း ရုရှားသမ္မတက ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရီဂက်ဇ်သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့်လည်း သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျူးဘားနိုင်ငံကို ပင်လယ်ရေကြောင်းပိတ်ဆို့မှု အပြည့်အဝ မလုပ်ဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ပြဿနာကိုအဖြေရှာရန် ရုရှားအစိုးရက အမေရိကန်နိုင်ငံကို တိုက်တွန်းထားသည်။

အမေရိကန်အစိုးရသည် လက်ရှိတွင် ကျူးဘားနိုင်ငံသို့ ရေနံတင်ပို့မှုကို ပိတ်ပင်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## လက်ဝဲယိမ်းလွှတ်တော်အမတ် ဟိုဆေးဘယ်လ်ကာဇာကို ယာယီသမ္မတအဖြစ် ပီရူးလွှတ်တော်ရွေးချယ်



**လီမာ ဖေဖော်ဝါရီ ၁၉**

လက်ဝဲယိမ်း လွှတ်တော်အမတ် ဟိုဆေးဘယ်လ်ကာဇာကို ပီရူးယာယီသမ္မတအဖြစ် ပီရူးလွှတ်တော် အမတ်များက ဖေဖော်ဝါရီ ၁၈ ရက်တွင် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတဟောင်းဟိုဆေးဂျာရီကို ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် ဟိုဆေးဘယ်လ်ကာဇာကို ပီရူးယာယီသမ္မတအဖြစ် ပီရူးလွှတ်တော်အမတ်များက ရွေးကောက်တင်မြှောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အသက် ၈၄ နှစ်ရှိ ဟိုဆေးဘယ်လ်ကာဇာသည် ၁၀ နှစ်တာ ကာလအတွင်း အဋ္ဌမမြောက် ပီရူးသမ္မတအဖြစ် ဟိုဆေးဂျာရီ၏နေရာကို ဆက်ခံရမည်ဖြစ်သည်။

ပီရူးကွန်ဂရက် လွှတ်တော်သည် သမ္မတဟောင်း ဟိုဆေးဂျာရီကို တရုတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် လျှို့ဝှက်တွေ့ဆုံခဲ့မှုအတွက် ပီရူးကွန်ဂရက်လွှတ်တော်အမတ်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် သမ္မတရာထူးမှ ဖယ်ရှားခဲ့သည်။

ပီရူးယာယီသမ္မတ ဟိုဆေးဘယ်လ်ကာဇာသည် ပီရူးကွန်ဂရက်လွှတ်တော်ဥက္ကဋ္ဌရာထူးကိုလည်း တွဲဖက်ရယူမည်ဖြစ်သည်။

ပီရူးနိုင်ငံသည် လာမည့် ဧပြီ ၁၂ ရက်တွင် သမ္မတရွေးကောက်ပွဲသစ်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တောင်ကိုရီးယားသမ္မတဟောင်း ယွန်းဆွတ်ယိုးကို တရားရုံးက ထောင်ဒဏ်တစ်သက်ပြစ်ဒဏ် ချမှတ်

**ဆိုးလ် ဖေဖော်ဝါရီ ၁၉**

တောင်ကိုရီးယား သမ္မတဟောင်း ယွန်းဆွတ်ယိုးကို အာဏာအလွဲသုံးစားပြုလုပ်မှု၊ နိုင်ငံတော်ပုန်ကန်မှုတစ်ရပ်ကို ကြိုးကိုင်စီစဉ်မှုတို့ဖြင့် ဆိုးလ်အလယ်ပိုင်းခရိုင်တရားရုံးက ယနေ့တွင် ထောင်ဒဏ် တစ်သက်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

သမ္မတဟောင်း ယွန်းဆွတ်ယိုးကို နိုင်ငံတော်ပုန်ကန်မှုဖြင့် သေဒဏ်အပြစ်ပေးရန် တောင်ကိုရီးယား အစိုးရရှေ့နေများက တောင်းဆိုခဲ့သော်လည်း ဆိုးလ်အလယ်ပိုင်းခရိုင် တရားရုံးက ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား ဥပဒေများအရ နိုင်ငံတော်ပုန်ကန်မှုတစ်ရပ်ကို ကြိုးကိုင်စီစဉ်မှုများအတွက် ထောင်ဒဏ်တစ်သက် သို့မဟုတ် သေဒဏ် ချမှတ်နိုင်ကြောင်း သိရသည်။

တောင်ကိုရီးယား သမ္မတဟောင်း ယွန်းဆွတ်ယိုးသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း စစ်အုပ်ချုပ်ရေး ဥပဒေကြေညာပြဋ္ဌာန်းရန် ကြိုးပမ်းခဲ့ပြီးနောက် အာဏာအလွဲသုံးစားမှု၊ နိုင်ငံတော်ပုန်ကန်မှုတို့အပါအဝင် စွပ်စွဲချက်အမျိုးမျိုးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

သို့ရာတွင် အသက် ၆၅ နှစ်ရှိ သမ္မတဟောင်း ယွန်းဆွတ်ယိုးက ၎င်းအပေါ် စွဲဆိုထားသည့် စွဲချက်များကို ငြင်းပယ်ထားသည်။

လက်ရှိတွင် ယွန်းဆွတ်ယိုးသည် အမှုရှစ်မှုအတွက် တရားရင်ဆိုင်နေရဆဲဖြစ်ပြီး အာဏာပိုင်များက တရားရုံးဖမ်းဝရမ်းအရ ဖမ်းဆီးရန်ကြိုးပမ်းမှုကို ဟန့်တားနှောင့်ယှက်မှုဖြင့် သီးခြားပြစ်ဒဏ်အဖြစ် ထောင်ဒဏ် ငါးနှစ် ချမှတ်ခံထားရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား၊ လူ ၁၃ ဦးသေဆုံး

**ကရာချိ ဖေဖော်ဝါရီ ၁၉**

ပါကစ္စတန်နိုင်ငံ ကရာချိ ဆိပ်ကမ်းမြို့ရှိ အဆောက်အအုံတစ်လုံး၌ ယနေ့တွင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဓာတ်ငွေ့ ပေါက်ကွဲမှုကြောင့် အဆောက်အအုံ အစိတ်အပိုင်း ပြိုကျခဲ့ပြီး ဒဏ်ရာရရှိသူအများအပြားလည်းရှိခဲ့ကြောင်း ကရာချိမြို့ တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် ရှာဖွေကယ်ဆယ်ရေးသမားများက အပျက်အစီးများကိုဖယ်ရှား၍ ပိတ်မိနေဖွယ်ရှိသူများကို ကယ်တင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

အဆိုပါ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားရခြင်းနောက်ခံအကြောင်းရင်းကို ကရာချိမြို့ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အခြား ပါကစ္စတန်မြို့ကြီးများနည်းတူ ကရာချိမြို့ရှိ လူနေအိမ်နှင့် တိုက်ခန်းအဆောက်အအုံအများစုတို့သည် ချက်ရေးပြုတ်ရေးအတွက် သဘာဝဓာတ်ငွေ့ကို အသုံးပြုတတ်ကြသည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လကလည်း အစ္စလာမ္မာဘတ်မြို့ လူနေအိမ်တစ်လုံး၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ရှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နျူကလီးယားဒုံးကျည်ပစ်လွှတ်ရေးယာဉ်သစ် အစီးရေ ၅၀ မြောက်ကိုရီးယားဖြန့်ကြက်



**ပြုံယမ်း ဖေဖော်ဝါရီ ၁၉**

မြောက်ကိုရီးယား နိုင်ငံသည် နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်သော တာတိုပစ်ဒုံးကျည်ပစ်လွှတ်ရေးယာဉ်သစ် အစီးရေ ၅၀ ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖြန့်ကြက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တာတိုပစ်ဒုံးကျည်ပစ်လွှတ်ရေးယာဉ်သစ်များ ဖြန့်ကြက်ပွဲအခမ်းအနားသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ငါးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော လက်ရှိအာဏာရ အလုပ်သမားပါတီညီလာခံမကျင်းပမီ နျူကလီးယား ဒုံးကျည်ပစ်လွှတ်ရေးယာဉ်သစ် အစီးရေ ၅၀ ကို ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဒုံးကျည်ပစ်လွှတ်ရေးယာဉ်သစ်များကို လူ့ဉာဏ်ရည်တုနည်းပညာ၊ အဆင့်မြင့်ပဲ့ထိန်းနည်းပညာများ ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် နဝမအကြိမ်မြောက် အလုပ်သမားပါတီညီလာခံကို ယခုလကုန်ပိုင်းတွင် ကျင်းပရန်စီစဉ်ထားသည်။

အဆိုပါ ညီလာခံတွင် မြောက်ကိုရီးယားနိုင်ငံ၏ စစ်ရေးရည်မှန်းချက်သစ်များကို ထုတ်ဖော်ကြေညာမည်ဟု ကင်ဂျုံအန်က ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ကျူရီယိုစီးတီးအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်ရှေးဟောင်းသက်ရှိများနှင့်ပတ်သက်၍ အထောက်အထားသစ်များတွေ့ရှိထား



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကျူရီယိုစီးတီးအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ရှေးဟောင်းသက်ရှိများနှင့် ပတ်သက်၍ အထောက်အထားသစ်များ ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

ကျူရီယိုစီးတီး အာကာသယာဉ်ရယူထားသောကျောက်သားနမူနာတစ်ခုထဲတွင် ကမ္ဘာပေါ်၌ သက်ရှိများက ထုတ်ပေးနိုင်သော ဓာတုဒြပ်ပေါင်း ပါဝင်ကြောင်း သိရသည်။

ကျူရီယိုစီးတီး အာကာသယာဉ်ရယူထားသောကျောက်သားနမူနာထဲတွင် Decane, Undecane နှင့် Dodecane ခေါ် ဇီဝဒြပ်ပေါင်းသုံးမျိုးတို့ ပါဝင်နေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါဇီဝဒြပ်ပေါင်းသုံးမျိုး၏ ဇီဝအခြေခံပစ္စည်းတစ်မျိုးဖြစ်သည့် Fatty acid မော်လီကျူးအပိုင်းအစများ ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ယူဆထားသည်။

ကျူရီယိုစီးတီး အာကာသယာဉ်သည် အဆိုပါဇီဝဒြပ်ပေါင်းများကို ဂေးလ်ဥက္ကာချိုင့်ဝှမ်းနယ်မြေ ကျောက်သားနမူနာတစ်ခုအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကျူရီယိုစီးတီး အာကာသယာဉ်သည် ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ဂေးလ်ဥက္ကာချိုင့်ဝှမ်းနယ်မြေအတွင်း၌ ဆင်းသက်၍ စူးစမ်းလေ့လာမှုများ စတင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက ဘဟားမားကျွန်းစုနိုင်ငံ၌ ဒုံးပျံယာဉ်များဆင်းသက်မှုကို ပြန်လည်စတင်လုပ်ဆောင်မည်ဖြစ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**



အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဘဟားမားကျွန်းစုနိုင်ငံ၌ ဒုံးပျံယာဉ်များဆင်းသက်မှုကို ပြန်လည်စတင်လုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

စပေ့စ်အိတ်၏ ဖယ်လ်ကွန်-၉ ဒုံးပျံပထမအဆင့် ပင်မဒုံးယာဉ်များ ဘဟားမားရေပြင်အတွင်း ဆင်းသက်ခွင့်ကို ဘဟားမားအစိုးရ အရပ်ဘက်လေကြောင်းအာဏာပိုင်အဖွဲ့က ပြန်လည်ပေးအပ်ထားကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ဘဟားမားရေပြင်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံများ ပြန်လည်ဆင်းသက်ခွင့်ကို ၂၀၂၅ ခုနှစ် နှစ်စပိုင်းကပင် ရရှိခဲ့သည်။

အထက်ပါ ခွင့်ပြုချက်အရ စပေ့စ်အိတ်ကုမ္ပဏီသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံပထမအဆင့် ပင်မဒုံးယာဉ်ကို ဘဟားမားရေပြင်အတွင်း ဆင်းသက်စေခဲ့သည်။

သို့ရာတွင် မတ် ၆ ရက်က စမ်းသပ်ပစ်လွှတ်ခဲ့သော Star Ship မစ်ရှင်၏ ဒုံးပျံအစိတ်အပိုင်းများ ဘဟားမားကျွန်းစုဒေသပေါ် ကျရောက်ခဲ့ပြီးနောက် ဘဟားမားအစိုးရက စပေ့စ်အိတ်၏ ဖယ်လ်ကွန်-၉ ဒုံးပျံများကို ယာယီဆိုင်းငံ့ခဲ့ကြောင်း၊ သို့ရာတွင် လိုအပ်သည့် အကဲဖြတ်ဆန်းစစ်မှုများ ပြုလုပ်ပြီးနောက် ဘဟားမားရေပြင်အတွင်း၌ ဖယ်လ်ကွန်-၉ ဒုံးပျံများ ဆင်းသက်ခွင့်ကို ဘဟားမားအစိုးရက ပြန်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Vast ကုမ္ပဏီက ၂၀၂၇ ခုနှစ်တွင် နိုင်ငံတကာအာကာသစခန်းသို့ ပုဂ္ဂလိကအာကာသခရီးစဉ်တစ်ခု လွှတ်တင်ခွင့်ရမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

ကယ်လီဖိုးနီးယားပြည်နယ် လောင်းဘီချ်မြို့အခြေစိုက် Vast ကုမ္ပဏီအနေဖြင့် ၂၀၂၇ ခုနှစ်တွင် နိုင်ငံတကာ အာကာသစခန်းသို့ ပုဂ္ဂလိကအာကာသခရီးစဉ်တစ်ခု လွှတ်တင်ခွင့် ရမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

၂၀၂၇ ခုနှစ်အတွင်း နိုင်ငံတကာ အာကာသစခန်းသို့ ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါမည့်မစ်ရှင်တစ်ခု လွှတ်တင်ရေးအတွက် Vast ကုမ္ပဏီကို ရွေးချယ်ထားကြောင်း နာဆာ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

စီစဉ်ထားသည့်အတိုင်း ဖြစ်မြောက်ခဲ့ပါက အဆိုပါမစ်ရှင်သည် ဆဋ္ဌမမြောက် နိုင်ငံတကာအာကာသစခန်း ပုဂ္ဂလိကမစ်ရှင်ဖြစ်လာလိမ့်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အာကာသစခန်းသို့ ပုဂ္ဂလိကအာကာသမစ်ရှင်လေးခုထိ လွှတ်တင်ထားပြီးဖြစ်ရာ ၎င်းမစ်ရှင်အားလုံးကို ဟူစတန်မြို့အခြေစိုက် Axiom ကုမ္ပဏီက စီစဉ်ခဲ့ခြင်းဖြစ်သည်။

ပဉ္စမမြောက် နိုင်ငံတကာ အာကာသစခန်း ပုဂ္ဂလိကခရီးစဉ်ကိုလည်း Axiom ကုမ္ပဏီကပင် ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တင်မည်ဖြစ်သည်။

Axiom ကုမ္ပဏီသည် ၎င်း၏ နိုင်ငံတကာ အာကာသစခန်း ပုဂ္ဂလိကခရီးစဉ်များအတွက် စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံနှင့် Crew Dragon အာကာသလူသယ်ယာဉ်တို့ကို အသုံးပြုခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အနီရောင်အသားစားသုံးမှု မြင့်မားသူများက အစားနည်းသူများနှင့်နှိုင်းယှဉ်ပါက ဆီးချိုရောဂါဖြစ်နိုင်ခြေ ပို၍မြင့်တက်နိုင်

**လန်ဒန် ဖေဖော်ဝါရီ ၁၉**

အနီရောင်အသား စားသုံးမှု မြင့်မားသူများသည် အထက်ပါအသားမျိုး အစားနည်းသူများနှင့် နှိုင်းယှဉ်ပါက ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေ သိသိသာသာ ပို၍မြင့်တက်နိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည်အနီရောင်အသားစားသုံးမှုနှင့် ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေတို့ကြားဆက်စပ်မှု ရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် အရွယ်ရောက်သူ ဦးရေ ၃၄၀၀၀ ကျော်တို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အနီရောင်အသားစားသုံးမှု မြင့်မားသူများသည် အစားနည်းသူများနှင့် နှိုင်းယှဉ်ပါက ဆီးချိုရောဂါဖြစ်နိုင်ခြေ သိသိသာသာ ပို၍မြင့်မားနေတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အနီရောင်အသားကို စားသုံးရာတွင် စားသုံးမှုနှုန်းအမြင့်ဆုံးသူများမှာ အနည်းဆုံးသူများထက် ဆီးချိုရောဂါဖြစ်နိုင်ခြေ ၄၉ ရာခိုင်နှုန်းထိ ပို၍မြင့်မားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဒိန်ခဲကို နေ့စဉ်အနည်းငယ်စားသုံးခြင်းဖြင့် သည်းခြေအိတ် ကျောက်တည်မှု ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၁၉**

ဒိန်ခဲကို နေ့စဉ်အနည်းငယ် စားသုံးခြင်းဖြင့် သည်းခြေအိတ်ကျောက်တည်မှုဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

သည်းခြေနှင့်သည်းခြေအိတ်အတွင်း ကိုလက်စထရောစုစည်းမှုအဆင့်လွန်ကဲပါက သည်းခြေအိတ်ကျောက်တည်မှုဖြစ်ပွားတတ်ကြောင်း သိရသည်။

သို့ရာတွင် တရုတ်နိုင်ငံ ကန်ကျိုးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဒိန်ခဲကို နေ့စဉ်အနည်းငယ်စားသုံးခြင်းဖြင့် သည်းခြေအိတ်ကျောက်တည်နိုင်ခြေကို ၂၆ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဒိန်ခဲကို သီတင်းတစ်ပတ်လျှင် တစ်ကြိမ်သာစားခဲ့လျှင်ပင် သည်းခြေအိတ်ကျောက်တည်နိုင်ခြေကို ၁၆ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဒိန်ခဲတွင်ပါဝင်သည့် ကယ်လ်စီယမ်ဓာတ်သည် သည်းခြေအိတ်ကျောက်တည်နိုင်ခြေကို တားဆီးရာတွင် အခရာကျသည့် အခန်းကဏ္ဍ၌ ပါဝင်နေဖွယ်ရှိကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

ကယ်လ်စီယမ်ဓာတ်သည် သည်းခြေအိတ်အတွင်းရှိ ကိုလက်စထရောများကို ကျောက်ခဲများအဖြစ် ပုံဆောင်ခဲပြောင်းလဲမှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO






## ဘာစီလိုနာအသင်းက ကူဘာစီကို သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန်နီးစပ်နေ

**ဘာစီလိုနာ ဖေဖော်ဝါရီ ၁၉**

ဘာစီလိုနာအသင်းက အသင်းမှအဓိက လူငယ်ခံစစ်ကစားသမား ကူဘာစီကို သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး ယခုလအတွင်း ချုပ်ဆိုနိုင်ရန် နီးစပ်နေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်သာရှိသေးသည့် ကူဘာစီသည် ဘာစီလိုနာအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်က အသင်းနှင့် စတင်ပူးပေါင်းခဲ့ကာ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသထားပြီး အဓိကကစားသမားအဖြစ် ပါဝင်နေသူဖြစ်သည်။

ကူဘာစီသည် နောက်ပိုင်းဘောလုံးရာသီတွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသထားကာ ဥရောပတွင် အကောင်းဆုံးလူငယ်ခံစစ် ကစားသမားများအနက် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည့်အတွက် ပရီးမီးယားလိဂ်ထိပ်တန်းကလပ် အသင်းကြီးများကခေါ်ယူရန် ပစ်မှတ်ထားနေသဖြင့် ဘာစီလိုနာအသင်းက လက်မလွှတ် လိုသည့်အတွက် ကာလရှည်သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ကူဘာစီ ကိုယ်တိုင်ကလည်း ဘာစီလိုနာ အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ထားသည့်အတွက် ဘာစီလိုနာအသင်းအနေဖြင့် ကူဘာစီကို မကြာမီသက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

**Ref : One Football**
**Trs : STA**




## ဘရာဇီးကလပ် ဗာစကိုဒဂါးမားအသင်းမှ ကော်တင်ဟိုပရိသတ်များနှင့်အဆင်မပြေမှုကြောင့် အသင်းမှနုတ်ထွက်

**ရီယိုဒီဂျနေရိုး ဖေဖော်ဝါရီ ၁၉**

ဘရာဇီးကလပ် ဗာစကိုဒဂါးမားအသင်း ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် အသင်းပရိသတ်များ၏ လှောင်ပြောင်မှုကိုခံရပြီးနောက် စိတ်ပိုင်းဆိုင်ရာ အဆင်မပြေမှုများ ရှိလာခဲ့သဖြင့် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် ဥရောပကလပ် အသင်းများတွင် ကာလရှည် ကစားခဲ့ပြီးနောက် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ဗာစကိုဒဂါးမား အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့်ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဗာစကိုဒဂါးမားအသင်းထံ အပြီးသတ်ပြောင်းရွှေ့ခဲ့သည်။

ကော်တင်ဟိုသည် ယခုနှစ်ဘောလုံးရာသီ ဗာစကိုဒဂါးမားအသင်းနှင့်အတူ ပြိုင်ပွဲစုံ ခုနစ်ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့သည်။

သို့သော် အသင်းအနေဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၀ က ကစားခဲ့သည့် ဘရာဇီးပြည်တွင်းဖလားပွဲစဉ်အဖြစ် ကိုရင်သီယန်အသင်းနှင့်ပွဲစဉ်တွင် ရှုံးပွဲကြုံခဲ့သောကြောင့် အသင်းအနေဖြင့် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုးတစ်ဂိုးဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသဖြင့် ပရိသတ်များ၏ လှောင်ပြောင်မှုကို ခံခဲ့ရသောကြောင့် စိတ်ပိုင်းဆိုင်ရာ အဆင်မပြေမှုများရှိလာခဲ့ပြီး အသင်းကစားသမား စာရင်းမှ နုတ်ထွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**

## Qatar Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် နိုင်ပွဲကိုယ်စီရရှိကြသည့် အယ်ကာရက်ဇ်နှင့် ဂျန်နစ်ခ်ဆင်နာတို့ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်း



**ဒိုဟာ ဖေဖော်ဝါရီ ၁၉**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များအဖြစ် ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ပြင်သစ်တင်းနစ်ကစားသမားရိုယာ၊ ကမ္ဘာ့အဆင့်(၂) အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဩစတြေးလျတင်းနစ်ကစားသမား ပေ့ါပရင်တို့ ယှဉ်ပြိုင်ခဲ့ရာ အယ်ကာရက်ဇ်က ရိုယာကို(၆-၂၊၇-၅)ရလဒ်ဖြင့်အနိုင်ရပြီး ဂျန်နစ်ခ်ဆင်နာက ပေ့ါပရင်ကို (၆-၃ ၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ကြကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားဖြစ်သည့် အယ်ကာရက်ဇ်အနေဖြင့် လက်ရှိအကောင်းဆုံး ကစားသမားတစ်ဦးဖြစ်ကြောင်းကို သက်သေပြနိုင်ခဲ့ပြီး ရိုယာအနေဖြင့်လည်း ပထမပွဲငယ်၌သာ ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အကောင်းဆုံး တန်ပြန်ဖိအားပေးနိုင်ခဲ့သည်။

ထို့ပြင် ဂျန်နစ်ခ်ဆင်နာအနေဖြင့်လည်း ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်တက်လှမ်းခွင့်ရရန် အကောင်းဆုံး ကြိုးစားနေပြီး ချန်ပီယံဆုအတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

အယ်ကာရက်ဇ်က "ပြိုင်ပွဲမှာ ရလဒ်ကောင်းဖို့အတွက် အကောင်းဆုံးပြင်ဆင်လာခဲ့တယ်။ ပြင်ဆင်ထားတဲ့အတိုင်းပဲ အကောင်းဆုံး စွမ်းဆောင်ထားနိုင်လို့ ဝမ်းသာပါတယ်။ ဒီပွဲစဉ်မှာ ဒုတိယပွဲငယ် ကစားနေရင်း တတိယပွဲငယ်ကို ဆက်လက် ကစားရတော့မယ်လို့ ထင်ထားပေမဲ့လဲ နှစ်ပွဲနဲ့ပြတ်သွားခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**
**Trs : AZL**

## ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ရန်ဆုံးဖြတ်ထားသည့် နယူးကာဆယ်အသင်းမှ ဝိုတီမာဒီကို ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေ

**ဘာလင် ဖေဖော်ဝါရီ ၁၉**

ဘိုင်ယန်မြူးနစ် အသင်းက လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသည့် နယူးကာဆယ်အသင်း တိုက်စစ်မှူး ဝိုတီမာဒီကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အသက် ၂၄ နှစ်ရှိ ဝိုတီမာဒီသည် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဂျာမန်ဘွန်ဒက်လီဂါ ကလပ် စတုဂတ်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီအစပိုင်းက သွင်းဂိုးများ သွင်းယူကာ ခြေစွမ်းပြသခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့်အတွက် လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် စတုဂတ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဝိုတီမာဒီသည် နောက်ပိုင်း ပွဲစဉ်များတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရပြီးနောက် လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကာ အေးဂျင့်ဖြစ်သူကိုလည်း ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲမှ အသင်းတစ်သင်းကို ရှာဖွေခိုင်းထားပြီးဖြစ်သည်။

ထို့ပြင် ဘိုင်ယန်မြူးနစ်အသင်းက ချဲလ်ဆီးအသင်းမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး ဂျက်ဆင်၏ခြေစွမ်းပိုင်းကို နှစ်သက်ခြင်းမရှိသည့်အတွက် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ချဲလ်ဆီးအသင်းထံ ပြန်လည်စေလွှတ်ပြီး ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲနှင့် အတွေ့အကြုံရှိသည့် ဝိုတီမာဒီကို ဦးစားပေးပစ်မှတ်အဖြစ် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

## အာဆင်နယ်အသင်းနှင့် သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် လုပ်ခလစာအများဆုံးကစားသမားအဖြစ် ဆာကာရပ်တည်နေ

**လန်ဒန် ဖေဖော်ဝါရီ ၁၉**




အာဆင်နယ်အသင်း တိုက်စစ်ကစားသမား ဆာကာသည် အသင်းနှင့် သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် လုပ်ခလစာအများဆုံးကစားသမားအဖြစ် ရပ်တည်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိဆာကာသည် အာဆင်နယ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်က အသင်းနှင့်စတင်ပူးပေါင်းခဲ့ပြီးနောက်ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ အာဆင်နယ်အသင်း အကယ်ဒမီထွက်ကစားသမားများတွင် အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

ဆာကာနှင့် အာဆင်နယ်အသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဆာကာကို ဥရောပထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန်ပစ်မှတ်ထားနေသဖြင့် အာဆင်နယ်အသင်းက လက်မလွှတ် လိုသည့်အတွက် သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းနှင့် ဆာကာတို့ချုပ်ဆိုခဲ့သည့် စာချုပ်သစ်တွင် ဆာကာသည် တစ်ပတ်လျှင် လုပ်ခစတာလင်ပေါင် ၃၀၀၀၀၀ ထိ ရရှိမည်ဖြစ်သည့်အတွက် အသင်းသမိုင်းတစ်လျှောက်တွင် လုပ်ခလစာအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒုတိယမြောက်သွင်းဂိုးအများဆုံး ဘရာဇီးကစားသမားအဖြစ် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗီနီစီးယက်စ် မှတ်တမ်းဝင်



မက်ဒရစ် ဖေဖော်ဝါရီ ၁၉

ရီးရဲလ်မက်ဒရစ် အသင်း တိုက်စစ်ကစားသမား ဗီနီစီးယက်စ် သည် ချန်ပီယံလိဂ်ပြိုင်ပွဲ Play-off ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘင်ဖီကာအသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းတို့ပွဲစဉ်တွင် အသင်း အတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒုတိယမြောက် သွင်းဂိုးအများဆုံး ဘရာဇီး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ် မက်ဒရစ်အသင်းက ဘင်ဖီကာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဗီနီစီးယက်စ်သည် ပွဲချိန် မိနစ် ၅၀ တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပြီးနောက် ရီးရဲလ် မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်သွင်းဂိုး ၃၁ ဂိုးထိ သွင်းယူထားကာ ဒုတိယမြောက် သွင်းဂိုးအများဆုံး ဘရာဇီးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးဘရာဇီးကစားသမားအဖြစ် ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီ အသင်းကစားသမားဟောင်း နေမာက သွင်းဂိုး ၄၃ ဂိုးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ချန်ပီယံလိဂ် သွင်းဂိုးအများဆုံး ဘရာဇီးကစားသမား ငါးဦးစာရင်း၌ နေမာ၏နောက်တွင် ဗီနီစီးယက်စ်က သွင်းဂိုး ၃၁ ဂိုး၊ ရီးရဲလ်မက်ဒရစ် အသင်း ကစားသမားဟောင်း ကာကာက သွင်းဂိုး ၃၀၊ ဘာစီလိုနာအသင်း ကစားသမားဟောင်း ရီဗယ်ဒိုက သွင်းဂိုး ၂၇ ဂိုး၊ မန်စီးတီးအသင်း ကစားသမား ဂျီးဆပ်က ၂၆ ဂိုးတို့ဖြင့် ရပ်တည်နေကြကြောင်း သိရသည်။

Ref : One Football

Trs : STA

# လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ရစ်ချာလီဆန် စပါးအသင်းမှထွက်ခွာမည်

လန်ဒန် ဖေဖော်ဝါရီ ၁၉

တိုက်စစ်မှူး ရစ်ချာလီဆန်သည် စပါးအသင်းတွင် ဒဏ်ရာမကြာခဏ ရရှိနေသည့်အပြင် အသင်းအနေဖြင့်လည်း ရလဒ်ဆိုးများနှင့် ရင်ဆိုင်နေရသောကြောင့် လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရစ်ချာလီဆန်သည် စပါးအသင်းနှင့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် တိုက်စစ်ပိုင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသူဖြစ်ကာ ကြွက်သားနိုင်မှုအားနည်းချက်ကြောင့် ဒဏ်ရာမကြာခဏရရှိနေသဖြင့် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင်အသင်းမှထွက်ခွာရန် စီစဉ်နေခြင်းဖြစ်သည်။

ရစ်ချာလီဆန်သည် စပါးအသင်းနှင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၇ ပွဲတွင် ၁၃ ပွဲထိ ပွဲထွက်ကစားခွင့်ရခဲ့ကာ သွင်းဂိုး ၁၀ ဂိုးသွင်းယူခဲ့သူဖြစ်သောကြောင့် ၎င်း၏ ခြေစွမ်းပိုင်းကို စောင့်ကြည့်နေသည့် စပိန်လာလီဂါကလပ် အေတီကိုအသင်းနှင့် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းကလည်း ရစ်ချာလီဆန်ကိုခေါ်ယူရန် စိတ်ဝင်စားနေကြောင်းသိရသည်။

စပါးအသင်းအနေဖြင့် ဥရောပပြိုင်ပွဲဝင်ခွင့်ရရှိရန် အခွင့်အရေးနည်းပါးလာပြီး အဓိက ကစားသမားများကို ရောင်းချရမည်ဖြစ်သောကြောင့် ရစ်ချာလီဆန်ကို ဆက်လက်ထိန်းသိမ်းရန် ခက်ခဲမည်ဖြစ်ပြီး ကစားသမားကိုယ်တိုင်ကလည်း အသင်းမှထွက်ခွာရန် စီစဉ်နေသဖြင့် လာမည့်အပြောင်းအရွှေ့ကာလတွင် ၎င်းသည် စပါးအသင်းမှထွက်ခွာရန် သေချာနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML



# မာလ်ဆေးအသင်းက အသင်းနည်းပြသစ်အဖြစ် ရင်းနက်အသင်း နည်းပြဟောင်း ဟာဘစ်ဘီယဲကိုခန့်အပ်ရန် သဘောတူညီမှုရရှိ

ပဲရစ် ဖေဖော်ဝါရီ ၁၉

မာလ်ဆေး အသင်းက လစ်လပ်နေသည့် အသင်းနည်းပြသစ်ရာထူးအတွက် ရင်းနက်အသင်း နည်းပြဟောင်း ဟာဘစ်ဘီယဲကိုခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၈ နှစ်ရှိ ဆီနီဂေါလူမျိုးနည်းပြ ဟာဘစ်ဘီယဲသည် ရင်းနက်အသင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလက အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ယခုနှစ် ဖေဖော်ဝါရီလက လန်းအသင်းကိုရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် ရင်းနက်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

ထို့ပြင် မာလ်ဆေးအသင်းနည်းပြဟောင်း ဒီဇာဘီသည်လည်း ယခုနှစ် ဘောလုံးရာသီအစပိုင်းတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေးတင်းမာမှုများ ရှိလာခဲ့ပြီးနောက် ဇန်နဝါရီ ၂၈ ရက် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘရူဂျက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

မာလ်ဆေး အသင်းသည် လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် နည်းပြဟာဘစ်ဘီယဲမတိုင်မီက ရီးရဲလ်မက်ဒရစ် အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် နည်းပြအလွန်ဆိုကို ခန့်အပ်ရန် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း အလွန်ဆိုကိုယ်တိုင်က ပယ်ချခဲ့သည့်အတွက် မအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် နည်းပြဟာဘစ်ဘီယဲကိုခန့်အပ်ရန် ကမ်းလှမ်းခဲ့ပြီး ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ သဘောတူညီမှုရရှိခဲ့၍ လာမည့် ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်သစ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

Ref : One Football

Trs : STA

# တန်းဆင်းဇုန်မှအသင်းကို နောက်ကျဂိုးများဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် အာဆင်နယ်အသင်း မှတ်တမ်းဝင်

လန်ဒန် ဖေဖော်ဝါရီ ၁၉

ပရီးမီးယားလိဂ် ပွဲစဉ်(၂၇)အဖြစ် အာဆင်နယ်အသင်းနှင့် ဝုဗ်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် အာဆင်နယ်အသင်းသည် တန်းဆင်းဇုန်မှအသင်းကို နောက်ကျသွင်းဂိုးများဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပထမဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Mirror သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ဝုဗ်အသင်းသည် အာဆင်နယ်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်မတိုင်မီက ရမှတ်ကိုးမှတ်ဖြင့် တန်းဆင်းဇုန်တွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် အမှတ်ပေးဇယားကို ဦးဆောင်ထားသည့် အသင်းများအနေဖြင့် တန်းဆင်းဇုန်မှ အသင်းများတွေ့ဆုံချိန်တွင် ဦးဆောင်ဂိုးများ သွင်းယူထားသည့် အခြေအနေမှ နောက်ကျသွင်းဂိုးများဖြင့် ရမှတ်ဆုံးရှုံးခဲ့ခြင်း မရှိသော်လည်း အာဆင်နယ်အသင်းသည် ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် ပွဲအစ ငါးမိနစ်ကတည်းက ဆာကာ၏သွင်းဂိုးဖြင့် ဦးဆောင်ခဲ့ကာ ပွဲချိန် ၅၆ မိနစ်တွင်လည်း ဒုတိယဦးဆောင်ဂိုး ထပ်မံရရှိပြီး ပွဲချိန် ၆၁ မိနစ်တွင် ဝုဗ်အသင်းတိုက်စစ်က ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ချေပဂိုးပေးခဲ့ရသည့်အပြင် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို လေးမိနစ်တွင်လည်း ပြိုင်ဘက်အသင်း တိုက်စစ် အားမြင့်တင်လာမှုကို ခုခံနိုင်ခြင်းမရှိသောကြောင့် ဒုတိယချေပဂိုးထပ်မံပေးခဲ့ရပြီးနောက် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အာဆင်နယ်အသင်းသည် အမှတ်ပေးဇယား ဒုတိယနေရာမှ မန်စီးတီးအသင်းကို ယခုပွဲစဉ် အနိုင်ရပါက ရမှတ်ခြောက်မှတ်ထိ ဖြတ်တောက်နိုင်မည့်အခွင့်အရေးရှိသော်လည်း သရေရလဒ်ကြောင့် အဆိုပါ အခွင့်အရေးကို ဆုံးရှုံးခဲ့ပြီး ရမှတ် လေးမှတ်သာကွာခြားနေသဖြင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းလာကြောင်း သိရသည်။

Ref : Mirror

Trs : ML

# Honda LPGA Thailand ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဟာတာအိုကာနှင့် ဝမ်နာစီအန်တို့က အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်

ချောင်ဘူရီ ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံ ချောင်ဘူရီမြို့တွင် ကျင်းပနေသည့် Honda LPGA Thailand ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်မယ် ဟာတာအိုကာနှင့် ထိုင်းဂေါက်သီးရိုက်မယ် ဝမ်နာစီအန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ဆိုဗီယာလီ၊ ချွေဟေဂျင်၊ စကော့တလန်ဂေါက်သီးရိုက်မယ် ဒရိုင်းဘတ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက်ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေကြသည်။

အမှတ်ပေးဇယားကိုဦးဆောင်နေသော ပြိုင်ပွဲဝင်များနှင့် ဒုတိယနေရာတွင် ရပ်တည်နေသည့် ပြိုင်ပွဲဝင်တို့ကြား ရိုက်ချက်ကွာဟမှုမှာ ကျဉ်းမြောင်းနေသည့်အတွက် ပြိုင်ပွဲမှာအကြိတ်အနယ်ရှိလာသည်။

ဟာတာအိုကာက "ပထမနေ့မှာ ကျွန်မရဲ့ Tee ရိုက်ချက်တွေနဲ့ Iron ရိုက်ချက်တွေ သိပ်ကောင်းခဲ့ပါတယ်။ ဒီလိုရိုက်ချက်တွေကောင်းခဲ့လို့လဲ Birdies ရိုက်ချက်တွေ များများဖန်တီးနိုင်ဖို့အတွက် အခွင့်အရေးကောင်းတွေ ရခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

**ခရီးသွားဆောင်းပါး**

# ဝင့်ဝင့်ထည်ထည် ကင်းတားဆည် လှပတင့်တယ် ရှုမောဖွယ်

**သက်နိုင်(ပြင်ဦးလွင်)**

ကျောင်းပိတ်ရက်အားလပ်ချိန်မှာ သွားရောက်လေ့လာလည်ပတ်ကြမယ်ဆိုပြီး စီစဉ်ထားတဲ့ ကူမဲမြို့အနီးက ပန်းလောင်ရေတံခွန်ကို ရောက်ရှိနေကြပါပြီ။ ပန်းလောင်မြစ်ပေါ်မှာ တည်ရှိနေတာကြောင့် ပန်းလောင်ရေတံခွန်လို့ ခေါ်ဆိုနေကြတာဖြစ်ပေမဲ့ တကယ်တော့ ပန်းလောင်မြစ်အတွင်းကို စီးဆင်းဝင်ရောက်နေတဲ့ ချောင်းကြီးတစ်ချောင်းပါ။ ဒီချောင်းကြီးက ပန်းလောင်မြစ်အတွင်းကို တောင်ကမ်းပါးယံအမြင့်ပိုင်းကနေ ရေတွေ ဖြာထွက်စီးကျနေပြီး ရေတံခွန်ဖြစ်ပေါ်နေတယ်။ ဒီချောင်းကြီးအပြင် အနီးပတ်ဝန်းကျင်နေရာအများအပြားမှာလဲ တောင်ကမ်းပါးပေါ်ကနေ ရေတွေကျနေကြသေး တယ်။ ဒါပေမဲ့ ချောင်းကြီးမှာကျနေတဲ့ ရေတွေလောက်မများဘဲ အရှိန်အဟုန်လဲ မပြင်းထန်ပါဘူး။ တောင်ကမ်းပါးပေါ်ကနေကျနေတဲ့ ရေတံခွန်တွေ၊ ရေတွေက ဒီလောက်အမြောက်အမြား ဘယ်နေရာကနေ ဘာကြောင့်ကျနေသလဲဆိုတာနဲ့ ကမ်းပါးပေါ်မှာ ဖြစ်တည်နေတဲ့ရေတွေရဲ့အခြေအနေကို သိချင်မြင်တွေ့လိုစိတ်တွေ ရှိနေခဲ့ပေမဲ့ တောင်ကမ်းပါးယံကြီးက အလွန်မြင့်မားမတ်စောက်နေတဲ့အပြင် ရေစီးသန်တဲ့ ပန်းလောင်မြစ်ကြီးကလဲ ပိုင်းခြားထားတာကြောင့် တက်ရောက်လေ့လာကြည့်ရှုဖို့ မဖြစ်နိုင်ပါဘူး။ ရေတံခွန်ရှိရာကို လာရောက်ကြသူအားလုံးကလဲ ရေကစားသူတွေက ကစား၊ စုပေါင်းစားသောက်နေကြသူတွေက စားသောက်၊ ဓာတ်ပုံရိုက်သူတွေက ရိုက်နဲ့ ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြတယ်။

မိမိတို့မောင်နှမတွေအဖွဲ့က ဝါးတဲကွပ်ပျစ်တစ်ခုမှာ နေရာရပြီးကြတာနဲ့ ရေထဲဆင်းရေကစားကြဖို့ ပြင်ဆင်ကြတယ်။ ရေထဲဆင်းတယ်ဆိုတာကလဲ အလွန်ကျဉ်းမြောင်းတဲ့ ကမ်းတိမ်နေရာလေးတစ်ခုမှာ အခြားရေကစားနေကြသူတွေနဲ့အတူ ရောနှောပြီး ရေဆော့ကစားကြရတာပါ။ ဒီလိုရေဆော့ကစားကြတဲ့အချိန်မှာလဲ အန္တရာယ်ကင်းအောင်ပြုလုပ်ပေးထားတဲ့ နိုင်လွန်ကြိုးတွေကို ဆွဲထားကြရသေးတယ်။ နိုင်လွန်ကြိုးတွေက လူဦးရေနဲ့ မျှတမှုမရှိတာကြောင့် တစ်ယောက်နဲ့တစ်ယောက် လက်ချင်းချိတ်ထားကြရတယ်။ ကြိုးလွတ်သွားမယ်ဆိုရင်၊ လက်ချင်းလွတ်သွားမယ်ဆိုရင် ရေစီးထဲမျောပါသွားနိုင်တယ်။ ဒါကြောင့် မိမိက ရေအလွန်တိမ်ပြီး အန္တရာယ်ကင်းတဲ့ကမ်းခြေနေရာလေးမှာ တစ်ခဏလောက် ရေကစားပြီးတာနဲ့ ကမ်းပေါ်ကို ပြန်တက်လာခဲ့လိုက်တယ်။

ကမ်းပေါ်ကိုရောက်တဲ့အခါ နေရာရထားတဲ့ ဝါးတဲကွပ်ပျစ်ပေါ်ကနေ မြစ်ထဲမှာရေကစားနေကြသူတွေကို မြင်ရတယ်။ အများစုကတော့ ကမ်းနီးရေတိမ်လေးတွေမှာ၊ အချို့က နိုင်လွန်ကြိုးတွေနဲ့ မလှမ်းမကမ်းနေရာတွေမှာ၊ အချို့က ရေစီးအလွန်သန်တဲ့ မြစ်လယ်နေရာတွေမှာ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ရေကူးနေကြတာကို တွေ့မြင်နေရတယ်။ မိမိလို ရေမကူးတတ်တဲ့လူတစ်ယောက်က ဒီလိုနေရာမျိုးမှာ ရေကိုကြောက်နေရပေမဲ့ ရေနဲ့နီးစပ်ပြီး အမြဲတမ်းထိတွေ့ကျွမ်းဝင်နေတဲ့သူတွေက ရေကိုကြောက်ကြတော့မှာမဟုတ်ဘူးဆိုတာကို စဉ်းစားလိုက်မိတယ်။ ဒါကြောင့်လဲ အန္တရာယ်ရှိနိုင်တယ်ဆိုတဲ့ နေရာမျိုးတွေမှာ အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ် ကူးခပ်နိုင်နေကြတာပါ။ ဒါပေမဲ့ ပန်းလောင်ရေတံခွန်မှာ လုံခြုံရေးတာဝန်ကျတွေမရှိ၊ အစောင့်အကြပ်တွေမရှိတာကြောင့် မိမိအတွက် ကျရောက်လာနိုင်တဲ့ အန္တရာယ်အသွယ်သွယ်တွေကို မိမိတို့ကသာ သတိထားဆင်ခြင် ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ပါတယ်။

မကြာခင်မှာ ရေကစားနေတဲ့မောင်နှမတွေ ကမ်းပေါ်တက်လာကြပြီး လူစုံတာနဲ့ နေ့လယ်စာထမင်းကို စားသောက်ကြတယ်။ နေ့လယ်စာထမင်းအဖြစ် ပြင်ဦးလွင်မြို့ကနေ ကြိုတင်ဝယ်ယူလာခဲ့တဲ့ ကြက်ဆီထမင်းဘူးတွေပါ။ နယ်ခံသူငယ်ချင်းမိသားစုကလဲ လက်ဖက်သုပ်၊ ချင်းသုပ်တွေ ထုပ်ယူလာခဲ့ကြတာကြောင့် စားသောက်ရတာ ပိုမိုအဆင်ပြေသွားတယ်။ မိမိတို့မောင်နှမတွေက ပန်းလောင်ရေတံခွန်မှာ လည်ပတ်ပြီးရင် ပြင်ဦးလွင်မြို့ကို မပြန်ကြသေးဘဲ သူငယ်ချင်းရဲ့အိမ်မှာ တစ်ညတာ တည်းခိုအိပ်စက်ကြမှာပါ။ ဒါကြောင့် ရေတံခွန်မှာလည်ပတ်ရေကစားချိန်ကိုလဲ အေးအေးဆေးဆေး



**အထက်ကင်းတားဆည်ကို တွေ့ရစဉ်။**

အချိန်ရ၊ စားသောက်ကြရတဲ့နေရာမှာလဲ အေးအေးဆေးဆေးအချိန်ရနေတဲ့အပြင် နောက်ထပ်လေ့လာလည်ပတ်စရာရှိနေတဲ့နေရာတွေကိုလဲ အချိန်ရရင်ရသလို သွားရောက်ကြအုံးမှာဖြစ်ပါတယ်။ ည မအိပ်ကြဘဲ နေ့ချင်းပြန်လာရောက်ကြတဲ့သူတွေကတော့ အေးအေးဆေးဆေးအချိန်မရကြဘဲ မြန်မြန်ဆန်ဆန်နဲ့ ပြန်သွားကြရတယ်။ အဲဒီထဲမှာ ပြင်ဦးလွင်မြို့ကနေလာရောက်ကြတဲ့ မိမိရဲ့မိတ်ဆွေအဖွဲ့တစ်ဖွဲ့လဲ ပါဝင်နေတယ်။

နေ့လယ်စာထမင်း စားသောက်ပြီးကြတာနဲ့ ရေတံခွန်ကြီးရဲ့အလှတွေကို ကြည့်ရင်း မှတ်တမ်းဓာတ်ပုံတွေရိုက်ကြတယ်။ ရေတံခွန်ရဲ့အလှကို ရောက်ရောက်ချင်းအချိန်တုန်းက ခဏသာကြည့်ရှုခဲ့ကြပြီး ရေချိုး၊ ရေကစားကြဖို့၊ စားသောက်ကြဖို့ စီစဉ်ဆောင်ရွက်နေကြရတာကြောင့် သေသေချာချာ ကြည့်ရှုခွင့်မရကြသေးပါဘူး။ ရေတံခွန်ကြီးက အပေါ်ဆင့်၊ အောက်ဆင့် နှစ်ဆင့်နဲ့ဖြာကျစီးဆင်းနေတာပါ။ အပေါ်ဆင့်က သေးငယ်ပြီး အောက်အဆင့်မှာ ရေတွေ ပိုမိုဖြာကျနေတယ်။ ကျနေတဲ့ရေပမာဏကလဲ ပိုမိုများပြားနေလို့ အောက်ဆင့်က ပိုပြီးလှပနေတယ်။ ချောင်းတစ်ချောင်းထဲက စီးဆင်းလာတဲ့ ရေချင်းအတူတူ၊ ရေတံခွန်အဖြစ် ကျရောက်လာတဲ့ ရေချင်းအတူတူ အပေါ်ဆင့်နဲ့ အောက်ဆင့်တွေရဲ့ ကွာခြားချက်ကို သေသေချာချာကြည့်ရှုလေ့လာလိုက်တဲ့အခါ အပေါ်ဆင့်မှာက အောက်ခံကျောက်တုံးကြီးတွေရှိမနေဘဲ အောက်ဆင့်ကိုရောက်မှ ကျောက်တုံးကြီးတွေရှိနေတာကို တွေ့မြင်သတိထားမိလိုက်တယ်။ ဒါကြောင့် ရေတွေက အောက်ခံကျောက်မရှိတဲ့ အပေါ်ဆင့်ကနေ အတားအဆီးမရှိစီးဆင်းလာနိုင်ပြီး အောက်ဆင့်ကိုရောက်တော့မှ ကျောက်တုံးကြီးတွေပေါ်ကနေ လှလှပပနဲ့ ဖြာကျစီးဆင်းနေကြတာပါ။ အောက်ဆင့်မှာ ကျောက်တုံးကြီးတွေကြောင့် ရေတွေက ပိုမိုဖြာကျစီးဆင်းပြီး ဧရိယာအကျယ်အဝန်းလဲ ပိုမိုကျယ်ပြန့်များပြားနေတယ်။ ရေတံခွန်ကြီးတစ်ခုလုံးမှာ ပေါ်လွင်ထင်ရှားတဲ့ မြင်ကွင်းပုံသဏ္ဍာန်ကတော့ အပေါ်ရေစီးကြောင်းသုံးခုကနေ အောက်ဆင့်ကိုရောက်တော့ အားလုံးစုပေါင်းပြီး ဖြာကျစီးဆင်းနေတဲ့ပုံစံပါ။ ဒါကြောင့် အောက်ဆင့်မှာ ရေတွေပိုများပြီး ရေမှုန်ရေမွှားတွေ၊ ရေငွေ့ရေစက်တွေက အဝေးထိ လွင့်စဉ်ကျရောက်နေကြတယ်။

ပင်မရေတံခွန်ကြီးရဲ့ဘေးမှာ ရေတံခွန်ငယ်လေးနှစ်ခုရှိနေတယ်။ ရေတံခွန်လေးတွေက သေးသွယ်ပေမဲ့ တောင်ကမ်းပါးအမြင့်ကနေ တဖွားဖွားကျရောက်နေတာကြောင့် သူ့အရွယ်နဲ့သူ လှပနေပါတယ်။ ဒါပေမဲ့ ပင်မရေတံခွန်ကြီးရဲ့ ဘေးအနီးမှာ ရှိနေကြလို့ ပေါ်လွင်ထင်ရှားမှုက အားနည်းသွားကြရတယ်။ ဒီရေတံခွန်ငယ်လေးနှစ်ခုရဲ့ ဘေးအနီးမှာလဲ နောက်ထပ် ရေတံခွန်ကြီးတစ်ခုရှိနေပြန်တယ်။ ရေတံခွန်ကြီးရဲ့ပုံစံက အလျားကျယ်ကျယ်နဲ့ ရေတွေဖြာကျစီးဆင်းနေတယ်။ ရေအားကလဲ ပင်မရေတံခွန်ကြီးထက် နည်းပါးနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့နေရာမှာ သူ့အတိုင်းအတာနဲ့သူ လှလှပပဖြစ်နေပါတယ်။ ပန်းလောင်မြစ်တစ်ဖက်မှာရှိနေတဲ့ တောင်ကမ်းပါးယံကြီးပေါ် နေရာအနှံ့အပြားကနေ ရေတွေကျနေပြီး ရေတံခွန်တွေအများအပြား ဖြစ်ပေါ်နေတာပါ။

ရေတံခွန်တွေကို လေ့လာကြည့်ရှုပြီးကြတာနဲ့ ပင်မရေတံခွန်ကြီးဝန်းကျင်ကို ဆက်လက်လေ့လာရတယ်။ ကမ်းခြေမြေပြင်လွတ်နေရာကတော့ အလွန်ကျဉ်းပါတယ်။ ဒါပေမဲ့ ရှိတဲ့မြေလွတ်နေရာလေးမှာပဲ ကွပ်ပျစ်တဲလေးတွေ၊ ဈေးဆိုင်တန်းလေးတွေရှိနေတယ်။ ဈေးဆိုင်တန်းလေးက ဝါးပင်ငယ်လေးတွေ တန်းစီပေါက်နေတဲ့ လျှိုလေးထဲမှာဖြစ်နေလို့ ကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်နေပေမဲ့ ဝင်နားချင်စရာ၊ ဝင်စားချင်စရာကောင်းနေတယ်။ သစ်ရိပ်၊ တောရိပ်၊ ဝါးရိပ်တွေနဲ့အတူ ရေတံခွန်ကြီးရဲ့ အရိပ်အာဝါသတွေကြောင့် နေရာလေးက အေးမြသာယာနေတယ်။ ရေတံခွန်ကြီးအနီးဝန်းကျင်မှာရှိနေတဲ့ နေရာတွေက ဒါအကုန်ပါ။

ရေချိုး၊ ရေကစားပြီး စားသောက်အပြီး ပတ်ဝန်းကျင်နေရာလေးတွေမှာ လေ့လာကြပြီးတာနဲ့ စက်လှေပေါ်ပြန်တက်ကြပြီး ရှေ့ခရီးကို ဆက်ခဲ့ကြတယ်။ ရှေ့ခရီးဆိုတာက ပင်မရေတံခွန်ကြီးရှိရာနေရာကနေ မြစ်အထက်ဘက်မှာရှိနေတဲ့ လှပသာယာတဲ့မြစ်ကြောင်းတစ်လျှောက်ကို ဆက်လက်ကြည့်ရှုလေ့လာဖို့ပါ။ စက်လှေစတင်ထွက်လာခဲ့ပြီး မကြာခင်မှာပဲ ရေတံခွန်တွေကို ထပ်မံတွေ့ရှိကြရတယ်။ ရေတံခွန်တွေက အကြီး၊ အသေးအစုံနဲ့ ရေကျအနည်း၊ အများလဲ ကွာခြားနေကြတယ်။ လှလဲလှပါတယ်။ ဒါပေမဲ့ မြစ်ကြောင်းအတိုင်း ခရီးမိုင်ရှည်ရှည်သွားလို့ မရကြဘဲ ရေစီးအလွန်သန်ပြီး အန္တရာယ်ရှိနိုင်တာကြောင့် ရှေ့ဆက်အနည်းငယ်လောက်သာ သွားလာခွင့်ရခဲ့ကြတယ်။ ဒီခရီးမှာ ထူးထူးခြားခြားအဖြစ်တွေ့မြင်ကြရတာက မျောက်အုပ်တွေပါ။ လူတွေအသွားအလာများပြားကြတဲ့ ပင်မရေတံခွန်ကြီးရှိရာကို ရောက်ရှိ ရေချိုး၊ ထမင်းစားသောက်ခဲ့ကြတဲ့ထိ မျောက်တွေကို လုံးဝမတွေ့ခဲ့ကြရဘဲ အခုရှေ့ခရီးကို ဆက်လက်သွားရောက်ကြတော့မှ မျောက်တွေကို တွေ့ကြရတယ်။

မျောက်အုပ်တွေကိုတွေ့မြင်ရပြီး မကြာခင်မှာ စက်လှေက လာလမ်းမြစ်ကြောင်းအတိုင်း ပြန်ကွေ့ပြီး စုန်ဆင်းခုတ်မောင်းလာခဲ့တယ်။ အဆန်ခရီးတုန်းက မြစ်ဘေးရှုခင်းတွေကို ကြည့်ရှုခံစားခဲ့ရာကနေ အခု အပြန်အစုန်ခရီးမှာ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတွေ ယူလာနိုင်ခဲ့တယ်။ မကြာခင်မှာတော့ လှေဆိပ်ကို ပြန်လည်ရောက်လာခဲ့ကြတယ်။ သူငယ်ချင်းဖြစ်သူ စီစဉ်ထားတဲ့ ခရီးစဉ်အရ အထက်ကင်းတားဆည်ကြီးရှိရာကို ဆက်လက်သွားရောက်ကြမှာပါ။ ဒါပေမဲ့ လမ်းကြောင်းပေါ်မှာရှိနေတဲ့ ပုညဝါဒီမောင်းကွေးကျောင်းတိုက်ကိုဝင်ရောက်ပြီး အလှူငွေတွေထည့်ဝင်လှူဒါန်းခဲ့ကြတယ်။ အလာခရီးတုန်းက ကျောင်းတိုက်အတွင်းမှာ ပဋ္ဌာန်းပွဲရှိနေတာကို သိရှိခဲ့တာကြောင့် အပြန်ခရီးမှာ ဝင်ရောက်လှူဒါန်းခဲ့ကြတာပါ။

ကျောင်းတိုက်ကနေထွက်လာကြပြီး အထက်ကင်းတားဆည်ကြီးကိုမောင်းနှင်လာတဲ့အခါ မွန်းလွဲ ၁ နာရီရှိနေပါပြီ။ သူငယ်ချင်းဖြစ်သူပြောပြထားချက်အရ ရန်ကုန်-မန္တလေးလမ်းဟောင်းကနေ အထက်ကင်းတားဆည်အထိ ခရီးမိုင် ၂၀ ရှိကြောင်း သိထားရတယ်။ အခုမိမိတို့က လှေဆိပ်ကနေထွက်ခွာလာကြလို့ ခရီးမိုင် ၂၀ ထိ မရှိတော့ဘဲ ခရီးတစ်ဝက်ကျော်လောက် ရောက်ရှိနေကြပါပြီ။ ဆည်ကြီးရှိရာကို သွားတဲ့လမ်းက လမ်းကျယ်လမ်းကောင်းကြီးဖြစ်နေပေမဲ့ အသွားအလာမရှိဘဲ ရှင်းလင်းနေတယ်။ ခရီးသွားဧည့်သည်အများစုက ပန်းလောင်ရေတံခွန်ကို လည်ပတ်ခဲ့ကြပြီး လှည့်ပြန်သွားကြတာများတယ်။ မိမိတို့ကတော့ နယ်ခံသူငယ်ချင်းရဲ့အကူအညီနဲ့ ဆည်ကြီးရှိရာကို ဆက်လက်သွားရောက်ခဲ့တယ်။

ပြက္ခရွှေတောင်နဲ့ပြဒါးလင်းဂူကို သွားရောက်ခဲ့တဲ့ခရီးစဉ်တုန်းက ဆည်ရေပြင်ရှိရာကို ရောက်ရှိလေ့လာခဲ့ရတယ်။ ပြက္ခရွှေတောင်ကနေ အပြန်ခရီးမှာ လှေအပျော်စီးကြရင်းနဲ့တစ်ခါ နောက်တစ်ခါက ပြဒါးလင်းဂူကိုသွားရောက်ကြတဲ့အခါ ဆည်ရေပြင်ကနေ စက်လှေစီးပြီးမှ သွားရောက်ခဲ့ကြရတာပါ။ ပြဒါးလင်းဂူကို သွားရောက်ကြမယ်ဆိုရင် ဆည်ရေပြင်ကနေ လှေစီးပြီးသွားတဲ့လမ်းက အကောင်းဆုံးနဲ့ပျော်ရွှင်စရာလဲဖြစ်နေတယ်။ အဲဒီအချိန်တွေတုန်းက ဆည်ကြီးရှိရာကိုမရောက်ခဲ့ကြဘဲ အဝေးကနေသာ လှမ်းမျှော်လေ့လာကြည့်ရှုခဲ့ကြရတယ်။ ဆည်ထိပ်ရှိရာကို ကားမောင်းလာရင်းနဲ့ အတက်အကွေ့နှစ်ခုလောက်ကို တက်ရောက်မောင်းနှင်လာပြီး မကြာခင်မှာ ဆည်ထိပ်ကိုရောက်လာခဲ့ကြတယ်။ ဆည်ထိပ်ပေါ်မှာတော့ ဘယ်သူမှမရှိကြဘဲ မိမိတို့မောင်နှမတွေနဲ့ သူငယ်ချင်းမိသားစုဝင်တွေသာ ရှိနေကြတယ်။

အထက်ကင်းတားဆည်မှာ ကျယ်ဝန်းလှပသာယာတဲ့ ဆည်ရေပြင်ကြီးနဲ့အတူ ရေတားတာတမံကြီးတွေ၊ ရေလွှတ်မြောင်းမကြီးတွေ၊ ဘေးပတ်ဝန်းကျင်မှာရှိနေတဲ့ သဘာဝရှုခင်းတွေကို လေ့လာကြည့်ရှုကြရမှာပါ။ ဆည်ကြီးကိုတော့ ခမ်းခမ်းနားနား ဝင့်ဝင့်ထည်ထည်နဲ့ တွေ့မြင်နေရတယ်။ ရောက်တုန်းရောက်ခိုက် ဆက်လက်လေ့လာကြရင်း မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူကြလိုက်ပါအုံးမယ်။

# Mascotland ဇာတ်ကား၌ တိုင်ရီဆီဂစ်ဆင်၊ ဘီလီဇိန်း၊ ဂျိတ်ဘူဆီ၊ အာမီဟမ်းမားတို့ ပါဝင်လာ



**နယူးယောက် ဖေဖော်ဝါရီ ၁၉**

Mascotland အမည်ရှိ လျှို့ဝှက်သည်းဖို ဟာသဇာတ်ကား၌ မင်းသား တိုင်ရီဆီဂစ်ဆင်၊ ဘီလီဇိန်း၊ ဂျိတ်ဘူဆီနှင့် အာမီဟမ်းမားတို့ ပါဝင်လာကြောင်း ဖေဖော်ဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

Mascotland ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ ကယ်ရီမွန်ဒရတ်ပွန်က တာဝန်ယူရိုက်ကူးနေကြောင်း သိရသည်။

ထို့ပြင် အထက်ပါရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ကယ်ရီမွန်ဒရတ်ပွန်ကပင် တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

Mascotland ဇာတ်ကားသည် ပြန်ပေးဆွဲသူတစ်ဦးနှင့် ပြန်ပေးဆွဲခံရသူများ ရင်ဆိုင်ခဲ့ရသည့်အဖြစ်ဆန်းများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Mascotland ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို လော့စ်အိန်ဂျလိစ်မြို့တော်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Mascotland ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# Stole My Bike ဟာသအက်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်လက်က ရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၁၉**

Stole My Bike အမည်ရှိ ဟာသအက်ရှင် ဇာတ်ကားသစ်ကို ကမ္ဘာကျော်ဒါရိုက်တာ ဒေးဗစ်လက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

Stole My Bike ဇာတ်ကားတွင် မင်းသား ဂျေဆင်စတာသမ်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Stole My Bike ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှု စရိတ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၈၀ ထိ သုံးစွဲရန် ထုတ်လုပ်သူများက ရည်ရွယ်ထားပြီး ၎င်းဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် မေလအတွင်း စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

မင်းသား ဂျေဆင်စတာသမ်နှင့် ဒါရိုက်တာ ဒေးဗစ်လက်တို့သည် ယူနီဗာဆယ်၏ Fast & Furious Presents : Hobbs & Shaw ဇာတ်ကားတွင် ပူးပေါင်းလက်တွဲခဲ့ဖူးသူများ ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# တေးသံရှင် ဟဲလေး၏ 90's ဂွမ်တီ တေးသီချင်း MV ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ထွက်ရှိမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

တေးသံရှင် ဟဲလေး၏ 90's ဂွမ်တီတေးသီချင်း Music Video (MV) ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ထွက်ရှိမည်ဖြစ်ကြောင်း တေးသံရှင် ဟဲလေးထံမှ သိရသည်။

အဆိုပါ 90's ဂွမ်တီဟု အမည်ပေးထားသည့် တေးသီချင်းကို တေးသံရှင် ဟဲလေးက ရေးစပ်သီကုံးထားခြင်းဖြစ်ပြီး တေးသရုပ်ဖော်အဖြစ် ကိုယ်တိုင်ပါဝင်သရုပ်ဆောင်သွားမည် ဖြစ်ကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) က တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ကျွန်တော်အသက် ၁၅ နှစ်နဲ့ ၂၀ ကြားမှာ တွေ့ကြုံခဲ့ရတဲ့ ငယ်ငယ်က အမှတ်တရတွေ၊ ကျွန်တော် ကြိုက်နှစ်သက်ခဲ့ရတဲ့ အနုပညာရှင်တွေ၊ အဲဒီကာလ ကခေတ်စားခဲ့တဲ့ အကြောင်းအရာလေးတွေကို ကျွန်တော့်ရဲ့ 90's ဂွမ်တီ သီချင်းထဲမှာဖြစ်ရမှာပါ။ ဒီသီချင်းကို ကျွန်တော်ရေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့လို အသက် ၄၀ ကျော်တွေက ဒီသီချင်းလေးကို နားထောင်ဖြစ်ရင် ကျွန်တော်တို့ရဲ့ ငယ်ဘဝကို ပြန်ရောက်သွားသလို ခံစားရမှာပါ။ နောက်ပြီးတော့ ကျွန်တော့်ရဲ့ သားသမီးတွေ၊ တူ၊ တူမတွေလဲ ဦးဟဲတို့ခေတ်တုန်းက ဒါတွေ ခေတ်စားခဲ့ပါလား၊ ဒီလိုတွေဖြစ်ခဲ့ပါလားဆိုတာ သူတို့သိရှိစေချင်တာလဲဖြစ်ပါတယ်။ မကြာခင်ထွက်ရှိလာမဲ့ ကျွန်တော့်ရဲ့ 90's ဂွမ်တီနဲ့အတူ ပျော်လိုက်ကြရအောင်"ဟု တေးသံရှင် ဟဲလေးက ပြောပြသည်။




တေးသံရှင် ဟဲလေး၏ 90's ဂွမ်တီတေးသီချင်း MV အတွက် ဂီတဖန်တီးမှုများကို DAVE CHEN က ဖန်တီးပေးထားပြီး Bellarie Production က ထုတ်လုပ်ထားကြောင်း သိရသည်။

ASH

# Custom of the Country ဇာတ်ကား၌ မင်းသား လီယိုဝုဒ်ဒဲ ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၉**

Studiocanal ရုပ်ရှင်ကုမ္ပဏီ၏ Custom of the Country ဇာတ်ကား၌ မင်းသား လီယိုဝုဒ်ဒဲ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

Custom of the Country ဇာတ်ကားတွင်မင်းသားလီယိုဝုဒ်ဒဲသည် မင်းသမီး ဆစ်ဒနီဆွင်နေးနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် အမေရိကန်စာရေးဆရာ အက်ဒစ်ဝါတန်၏ Custom of the Country ဂန္ထဝင်ဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Custom of the Country ဇာတ်ကားသည် နယူးယောက် အထက်တန်းလွှာ အသိုင်းအဝိုင်းအတွင်း နေရာယူရန် ကြိုးပမ်းခဲ့သော ရည်မှန်းချက်ကြီးသည့် အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး ၎င်းဇာတ်ကားကို ဒါရိုက်တာ ဂျို့ ရော့ကီးက ရိုက်ကူးမည်ဖြစ်ပြီး စာရေးဆရာ အက်ဒစ်ဝါတန်က ဇာတ်ညွှန်းရေးသားပေးထားသည်။

အဆိုပါ ဇာတ်ကားရိုက်ကူးမည့် ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# လေးသိန်း ရုပ်ရှင်ဇာတ်ကားကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့တွင် ဇာတ်အိမ်တည်ကာ စတင်ရိုက်ကူးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

Hein Production နှင့် M Film Production တို့က ပူးပေါင်းစီစဉ်သည့် လေးသိန်း ရုပ်ရှင်ဇာတ်ကားကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့တွင် ဇာတ်အိမ်တည်ကာ ဖေဖော်ဝါရီ ၁၈ ရက်က စတင်ရိုက်ကူးနေကြောင်း အဆိုပါ လေးသိန်း ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်နေသည့် သရုပ်ဆောင် ခန့်စည်သူက ပြောပြ၍ သိရသည်။

လေးသိန်းရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အောင်သီဟက ရေးသားထားပြီး ရာဇဝင်ကိုက ဇာတ်ညွှန်းရေးသားထားကာ နေစိုးသော်က ရိုက်ကွင်းဇာတ်ညွှန်းရေးသားထား၍ ဒါရိုက်တာအိ (အရုဏ်ဦး)က Hein Production နှင့် M Film Production တို့အတွက် တာဝန်ယူပုံဖော်ကာ ရိုက်ကူးနေကြောင်း သိရသည်။

"ဒီဇာတ်ကားက ဒရာမာဇာတ်လမ်း သန့်သန့်လေးပါ။ ဇာတ်လမ်းဇာတ်ညွှန်း ကောင်းတစ်ပုဒ်ကို သရုပ်ဆောင်အင်အား ကောင်းကောင်း သုံးထားတဲ့ အတွက် ပရိသတ်အကြိုက် ဇာတ်ကားကောင်း တစ်ကားအနေနဲ့ကြည့်ရှုခွင့်ရမှာပါ" ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

လေးသိန်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ခန့်စည်သူ၊ မြင့်မြတ်၊ ကောင်းမြတ်စံ၊ ခင်လှိုင်၊ ဇော်ဝင်းနိုင် (မန္တ)၊ ပန်းသီး၊ ကေညီ၊ သွက်လက်၊ ကောင်းထက်သာ၊ ဂျက်လီ၊ ဝင့်ယမုံနိုင်၊ ဆောင်းဝတ်ရည်မေ၊ ဝေလာရီ၊ မေပန်းချီ၊ Lucas၊ မှူးထိပ်ထား၊ သင်းနဒီဇော်၊ ရွှေကိန္နရီ၊ စင်သီယာ၊ အင်ကြင်း၊ ဖုန်းသီခ်၊ စုသရဖီကို၊ ဟေမာန်သာ၊ သျှားနှင့် အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ASH

# The message sent by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the 78th Anniversary of Chin National Day 2026

**Esteemed people and Chin ethnic nationalities,**

I extend my heartfelt prayers and best wishes for the fulfilment of all forms of well-being and prosperity to all Chin ethnic nationalities, as well as to all national brethren born of the Union on the auspicious occasion of the 78th Anniversary of "Chin National Day", which falls on 20 February 2026.

In the Republic of the Union of Myanmar, all national races born of the Union, including the Chin ethnic people, have for many years lived together on the same land and shared the same water, united in spirit and solidarity like members of one family. Owing to this unity and harmony, the nation has been able to stand with dignity and honour in the community of the world.

Throughout the successive stages of the nation's independence struggle and during the period of building the State after independence, the Chin ethnic people stood shoulder to shoulder and worked hand in hand with other national races born of the Union. During the time of invasion and occupation by the British colonialists, Chin ethnic leaders such as Bo Khai Kam, Bo Con Bik, Bo Lall Lwe, and Bo Thaung Linh, together with the Chin ethnic people, bravely and resolutely resisted the imperialists alongside other national brethren.

In addition, Chin ethnic leaders such as U Thong Za Khup, recipient of the Naing-Ngan Gonyi Award First Class, U Kio Mang, Wunna Kyaw Htin U Hlur Hmong, Thiri Pyanchi U Thaung Cin Thang, Independence Mawgun Award First Class recipient, and Thadoe Maha Thray Sithu U Vammathumong, Naing-Ngan Gonyi Award First Class recipient and Thiri Pyanchi U That Ling played key roles during the struggle for independence. After independence, during periods of internal unrest, Chin leaders, including Lt-Col Hrang Thio, Lt-Col Lyan Ciin Zamg, Captain Thura Aung San Thuria Taik Chun, Colonel Zeya Kyaw Htin Van Kul, and Naing-Ngan Gonyi award First Class recipient Maj-Gen Thaung Za Khai actively and faithfully carried out their respective duties for the nation alongside their fellow Chin ethnic people.

Thus, the many heroic Chin ethnic people who devoted their lives, blood, and sweat for the stability of the State and the Union, and for the consolidation of sovereignty, and who are forever honoured by the State and Tatmadaw, remain enshrined in history as a source of pride and admiration for the Chin State and the Chin ethnic people.

In 1948, during the early post-independence period, a rally in Falam revoked the feudal administrative system and initiated the regional democratic administrative system. On that day, which fell on 20 February, was designated as "Chin National Day", and celebrations are held yearly, and this year's occasion is the 78th one.

At present, the ongoing violent and terror acts, lawless acts, and destructive activities within the country, including in certain areas of Chin State, pose a grave danger to the nation. It is especially necessary to remain vigilant and take protective measures against groups, both domestic and foreign, that seek to sow discord, incite hatred, and promote bloodshed among Union-born national brethren, thereby undermining the bonds of friendship and mutual respect that have been built over thousands of years, as well as to guard against the imposition of narrow, ethnocentric ideologies.

These terror acts were based on instigations with the eagerness to unlawfully seize the State power without accurately reviewing the incidents, or cancelling the results of voting frauds which happened in the 2020 general elections. Some ethnic armed organizations with incorrect attitudes over the State and the people took the advantages over the instability of the nation and committed destruction and violent attacks on the peaceful and stable areas to expand their areas and control. As such, everyone knows that innocent people from various regions, including the Chin State, face loss of lives, property and houses, as well as a large number of public-owned buildings, facing hardships.

It is the local ethnic people themselves who are directly experiencing the harmful effects of armed violence. The actual destruction and losses also extend to the nation's resources and basic infrastructure of the State. In a context where development is gaining momentum, such reckless actions reduce the country's strength and require enormous effort and time to restore conditions to their original state. Because of these violent incidents, the State has been providing financial assistance for civil servants and civilians who have been temporarily displaced. Therefore, all ethnic peoples, including the Chin ethnic community, are encouraged to work together to eliminate terrorist actions and attacks that harm the nation and its people, and to help achieve peace and stability.

The National Defence and Security Council has adopted and is implementing four objectives while striving to continuously create a peaceful and stable environment, intending to end the armed conflicts for the sake of the State and the people. Only when the State has an improved economy will various sectors, including politics, social affairs, education and health, develop. As such, priority must be given to grow economic infrastructure to improve the socioeconomic life of the people.

That is why it is necessary to emphasize larger quantities of agricultural produce in relevant regions and prioritize systematic livestock breeding measures appropriate for the region. I would like to urge all to beef up production of quality MME products through micro, small and medium-sized enterprises based on agricultural and livestock goods produced locally in order to ensure local food security and fulfil the local demand, in addition to increasing the volume of export products. In this regard, the State is providing necessary techniques, capital and production inputs for those businesspersons with more and more aid plans.

For the building of a Union based on democracy and a federal system that the State is striving to establish, and for the social and economic development of the people, all citizens must be healthy, resilient, and equipped with knowledge and skills. Therefore, the State is making efforts to develop all sectors, including education and healthcare, in a coordinated and comprehensive manner. Since national development can only be achieved through a knowledgeable and skilled population, the State provides free and diversified education to ensure that every citizen has the opportunity to complete at least KG+9. In addition, 89 basic education and industrial, agricultural, and livestock schools have been opened to enable those who complete KG+9 to acquire vocational and livelihood skills, thereby cultivating human resources for the nation.

Everybody knows that schools, universities and colleges have been established for the people to have access to basic and higher education. I would like to urge all to enable all school-age youth to attend schools, not to drop out of school and learn education till their goals to become experts, professionals and professors. As health is essential for all societies, like education, the State enhances healthcare services, treatment and sharing activities on health awareness. As such, everybody needs to take care of their health to be long life expectancy.

Due to the voting fraud in the 2020 general elections, the state of emergency for the nation was declared in accord with the Constitution (2008) starting from 1 February 2021, and Tatmadaw took State responsibilities temporarily. From time onward, objectives and roadmaps were implemented for the peace and stability of the Union, the rule of law, the development of economic, social, education and other sectors. Efforts are being made to cease the armed conflicts in accordance with the NCA agreements, and it should be noted that meetings and discussions have been held with ethnic armed organizations, and they have consistently been welcomed with open doors for the sake of durable peace.

The National Defence and Security Council has successfully conducted the free and fair multiparty democratic general election 2025 in three phases, achieving the State's ultimate goal. According to the election results, Hluttaw sessions will be held in March, and the emerging government will assume the responsibilities of the State in accordance with democratic standards. Therefore, in the ongoing processes of nation-building, it is urged that the people fully participate, exercising their freedom and justice in accordance with laws and regulations, to ensure the full implementation of a genuine, well-disciplined multiparty democratic system.

Since State peace and stability and the rule of law are crucial for the country's development and nation-building endeavours, it is earnestly urged that all ethnic peoples, including the Chin ethnic community, work hand in hand with the State government to implement the ceasefire of armed conflicts. On this 78th Anniversary of Chin National Day, with prayers for continued success, it is hoped that the Chin people, grounded in the longstanding spirit of Union unity and love for their heritage, will continue to serve the interests of Chin State as well as those of the Union as a whole.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Acting President, the Republic of the Union of Myanmar**
**Chairman, the State Security and Peace Commission**

# Farmers expand sown acreage of green gram in Yinmabin District



A thriving green gram plantation.

**Yinmabin February 19**

According to the Sagaing Region Agriculture Department, local farmers planted green gram exceeding the target cultivation in Yinmabin District of Sagaing Region this year.

During the 2025-2026 winter crop season, Yinmabin District has targeted 18,075 acres of green gram cultivation. Planting began in October 2025, and to date, a total of 18,110 acres have been completed — 1,610 acres in Yinmabin Township, 7,800 acres in Kani Township, and 8,700 acres in Pale Township.

"We targeted 18,075 acres of green gram cultivation in Yinmabin District during the winter crop season and have already completed 18,110 acres. We were able to exceed the original target. In relation to green gram cultivation, awareness activities have been carried out to encourage expansion of cultivation and to promote the use of quality and pure seed varieties to achieve good yields," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

For the 2025–2026 winter crop season, the township-wise targets for green gram cultivation in Yinmabin District were set at 1,574 acres in Yinmabin Township, 7,500 acres in Kani Township, and 9,001 acres in Pale Township, totalling 18,075 acres.

In Yinmabin District, the respective Township Departments of Agriculture are providing farmers cultivating green gram with technical guidance to ensure access to locally suitable quality and pure seeds, correct cultivation methods, effective pest control, systematic fertilizer application, and improved yields.

During this year's winter crop season, in cultivating various pulse crops, the relevant Township Departments of Agriculture are cooperating with farmers to provide necessary quality seeds, agricultural inputs, and post-harvest technologies to ensure good yield and quality of pulse crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Monywa District grows more than 1,800 acres of chilli

**Monywa February 19**

Local farmers cultivated 1,804 acres of chilli as cold season crop in Monywa District of Sagaing Region, according to the district Agriculture Department.

During the 2025-2026 winter crop season, Monywa District has targeted 1,966 acres of chili cultivation. Planting began in October 2025, and to date, a total of 1,804 acres have been cultivated — 428 acres in Monywa Township, 321 acres in Budalin Township, 29 acres in Ayadaw Township, and 1,026 acres in ChaungU Township.

"We targeted 1,966 acres of chili cultivation in Monywa District during the winter crop season and have successfully planted 1,804 acres. The condition of the chili crops is good. We have also undertaken measures to promote commercial cultivation of chili," said Daw San San Myint, District Head of the Monywa District Department of Agriculture.

For the 2025-2026 winter crop season, the township-wise targets for chili cultivation in Monywa District are 610 acres in Monywa Township, 320 acres in Budalin Township, 27 acres in Ayadaw Township, and 1,009 acres in ChaungU Township, totalling 1,966 acres.

To ensure good yields and secure market access for chili growers, staff members from the respective district and township Departments of Agriculture have provided technical assistance on cultivation methods, pest prevention and control, and soil nutrient management.

The cost of cultivation from planting to harvesting is approximately K1.5 million per acre for farmers using their own land and about K2.5 million per acre for those renting land. Chili can be harvested every 15 days for up to six months. At the initial harvest, the yield is around 100 viss per acre, increasing to between 400 and 500 viss per acre in subsequent harvests. 206

# More than 1,600 acres of black gram planted in Sagaing Township

**Sagaing February 19**

Statistics of Sagaing Township Agriculture Department stated that local farmers grew 1,775 acres of black gram as cold season crops in Sagaing Township of Sagaing Region this year.

During the 2025-2026 winter crop season, Sagaing Township has targeted 1,910 acres of black gram cultivation. Planting began in October 2025, and to date, 1,675 acres have been completed.

"We targeted 1,910 acres of black gram cultivation during the winter crop season in Sagaing Township and have planted 1,675 acres. During the planting period, we are also conducting field visits to provide necessary technical assistance, quality seeds, and guidance on pest and disease prevention," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

The Township Department of Agriculture is providing farmers cultivating black gram with technical support to ensure access to locally suitable quality seeds and pure varieties, correct cultivation practices, effective pest control, systematic use of fertilizers, and improved yields.

During this year's winter crop season, in cultivating various pulses and beans, the relevant Township Department of Agriculture is cooperating with farmers to provide necessary quality seeds, agricultural inputs, and post-harvest technology to ensure good yield and quality of pulse crops. 206

# More than 4,000 acres of vegetables grown in Shwebo District

**Shwebo February 19**

Local farmers planted 4,535 acres of vegetables as cold season crops in Shwebo Township of Sagaing Region this year, according to the township Agriculture Department.

During the 2025-2026 winter crop season, Shwebo Township has targeted 4,586 acres of vegetable cultivation. Planting began in October 2025, and to date, 4,535 acres have been completed, according to reports.

"We targeted 4,586 acres of vegetable crops during the winter season in Shwebo Township and have successfully cultivated 4,535 acres. The crops include mustard, chili, leafy herbs, potatoes, cabbage, eggplant, and cauliflower. We are providing technical assistance to farmers to ensure that all vegetables are grown in accordance with the GAP (Good Agricultural Practices) system. We have also provided guidance to help farmers produce vegetables with minimal chemical residues and in line with health standards," said U San Oo, Head of the Shwebo Township Department of Agriculture.

In Shwebo Township, the Township Department of Agriculture is providing technical training for farmers to cultivate vegetables using GAP methods, offering guidance to ensure that harvested vegetables meet health standards, and encouraging farmers to expand vegetable cultivation.

In Shwebo Township, various seasonal vegetables are grown annually. The cultivated vegetable crops are reported to be successful, generating family income. The Township Department of Agriculture is also providing farmers who plan to grow vegetables with technical guidance on correct cultivation practices, pest prevention, and the preparation and use of organic fertilizers and natural pesticides. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီက CA-1 Europa ဒရုန်းကို AI စနစ်သုံး ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ရေးစွမ်းရည်များဖြင့် အဆင့်မြှင့်တင်ခဲ့



ဂျာမဏီနိုင်ငံသည် CA–1 Europa ဒရုန်းကို AI စနစ်သုံး ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ရေးစွမ်းရည်များ အဆင့်မြှင့်တင်ခဲ့ပြီး မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်စီမံကိန်းတစ်ခုကို ဂျာမနီကာကွယ်ရေး ကုမ္ပဏီကြီးနှစ်ခုဖြစ်သော Helsing နှင့် HENSOLDT တို့ ပူးပေါင်းအကောင်အထည်ဖော်နေပြီဖြစ်ကြောင်း Next Gen Defense သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့အခြေစိုက် Helsing ကုမ္ပဏီက ထုတ်လုပ်သည့် CA–1 Europa ဒရုန်းတွင် HENSOLDT ကုမ္ပဏီ၏ ခေတ်မီရေဒါစနစ်များ၊ အလင်းနှင့် အပူလှိုင်းသုံးအာရုံခံကိရိယာများ၊ ကိုယ်ပျောက်နည်းပညာနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကို ပေါင်းစပ်ထည့်သွင်းသွားမည်ဖြစ်သည်။ ထိုသို့ အဆင့်မြှင့်တင် လိုက်ခြင်းကြောင့် ဤဒရုန်းသည် သမားရိုးကျ တိုက်ခိုက်ရေးတာဝန်များသာမက ရန်သူ့သတင်းအချက်အလက်များကို ထောက်လှမ်းခြင်းနှင့် မိမိဘက်တော်သားတပ်ဖွဲ့များကို အကာအကွယ်ပေးခြင်းကဲ့သို့ နက်နဲသော စစ်ဆင်ရေးတာဝန်များကိုပါ ထမ်းဆောင်နိုင်တော့မည်ဖြစ်သည်။

ဤနည်းပညာပေါင်းစပ်မှု၏ အဓိက အသက်သွေးကြောမှာ HENSOLDT ကုမ္ပဏီ၏ Multi–Domain Operations Core (MDOcore) ဆော့ဖ်ဝဲလ်စနစ်ပင်ဖြစ်သည်။ ၎င်းစနစ်သည် ဒရုန်းမှရရှိလာသော ဒေတာအချက်အလက်များကို AI နည်းပညာဖြင့် ပေါင်းစပ်ခွဲခြမ်းစိတ်ဖြာပေးနိုင်ပြီး စစ်မြေပြင်ရှိမတူညီသော တိုက်ခိုက်ရေးယူနစ်များကြား ကွန်ရက်ချိတ်ဆက်ကာ တိကျသောညွှန်ကြားချက်များ ပေးပို့နိုင်စွမ်းရှိသဖြင့် အနာဂတ်စစ်ပွဲများတွင် ဂျာမနီနှင့် ဥရောပတပ်ဖွဲ့များအတွက် အပြတ်သတ်အသာစီးရမှုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤနည်းပညာအဆင့်မြှင့်တင်မှုတွင် Helsing ကုမ္ပဏီ၏ Centaur AI စနစ်နှင့် ပေါင်းစပ်လိုက်ခြင်းကြောင့် CA–1 Europa ဒရုန်းသည် စစ်မြေပြင်ရှိ အလွန်လျှို့ဝှက်ပြီး အရေးကြီးသော ဒေတာအချက်အလက်များကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်ရုံသာမက မြေပြင်၊ ရေပြင်နှင့်ဝေဟင်ရှိ အခြားတိုက်ခိုက်ရေးယူနစ်များထံသို့လည်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

HENSOLDT ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Oliver Dörre က "ခေတ်သစ်ကာကွယ်ရေးစနစ်တွေရဲ့ အနာဂတ်ဟာ အဆင့်မြင့်အာရုံခံနည်းပညာနဲ့ ဉာဏ်ရည်တု (AI) တို့ရဲ့ အသိဉာဏ်ရှိရှိ ကွန်ရက်ချိတ်ဆက်လှုပ်ရှားနိုင်မှု အပေါ်မှာပဲ မူတည်နေပါတယ်"ဟု ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းတို့အနေဖြင့် Helsing ကုမ္ပဏီနှင့်အတူ ဘုံရည်မှန်းချက်တစ်ခုတည်းရှိပြီး ၎င်းမှာ တာဝန်ယူမှုရှိသော ဆန်းသစ်သည့်နည်းပညာများကို ဖော်ဆောင်ကာ ဥရောပ၏ လုံခြုံရေးဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ယခု ပူးပေါင်းဆောင်ရွက်မှုတွင် ကုမ္ပဏီနှစ်ခုစလုံးသည် မိမိတို့ကျွမ်းကျင်သည့် နယ်ပယ်အသီးသီးမှ တာဝန်ယူမှုရှိရှိအားဖြည့်သွားကြမည်ဖြစ်သည်။ HEN–SOLDT ကုမ္ပဏီက စစ်ဘက်သုံး AI အခြေပြုအာရုံခံနည်းပညာပိုင်းကို အဓိကတာဝန်ယူမည်ဖြစ်ပြီး Helsing ကုမ္ပဏီကမူ ဒရုန်း၏အလိုအလျောက် ပျံသန်းမောင်းနှင်မှုစနစ်နှင့် ဒေတာခွဲခြမ်းစိတ်ဖြာမှုပိုင်းကို ဦးဆောင်သွားမည်ဖြစ်သည်။

**CA–1 Europa Drone Poised for AI–Enabled Intelligence Upgrade From HENSOLDT** ကို ဘာသာပြန်ဆိုထားပါသည်။

## ချက်သမ္မတနိုင်ငံက အီလက်ထရွန်နစ်နှောင့်ယှက်မှုများကို ကြံ့ကြံ့ခံနိုင်သည့် STORK LR ဒရုန်းသစ်ကို ထုတ်ဖော်ပြသ

ချက်သမ္မတနိုင်ငံ ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီ U&C UAS သည် ရီယတ်မြို့တွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ရေးပြပွဲ (World Defense Show) တွင် စစ်မြေပြင်၏ အီလက်ထရွန်နစ်နှောင့်ယှက်ဖျက်ဆီးမှုများကို ကြံ့ကြံ့ခံနိုင်သော STORK LR ဒရုန်းအမျိုးအစားသစ်ကို ထုတ်ဖော်ပြသခဲ့သည်ဟု Next Gen Defense သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဒရုန်းသည် ရန်သူက GPS နှင့် GNSS ကဲ့သို့သော ဂြိုဟ်တုလမ်းညွှန်စနစ်များကို ပိတ်ဆို့နှောင့်ယှက်လာပါက အလိုအလျောက်သိရှိနိုင်ပြီး မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းရှိသော Antielec–tronic warfare စနစ်ကို ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်သည်။

STORK LR ဒရုန်းတွင် လှိုင်းနှုန်းနှောင့်ယှက်မှုများကို ကြံ့ကြံ့ခံနိုင်အောင် အထူးပြုလုပ်ထားသော ဂြိုဟ်တုလမ်းညွှန်ဖမ်းစက်ပါဝင်သည့်အပြင် အချက်အလက်နှင့်ဗီဒီယိုပေးပို့မှုများတွင်လည်း ခိုးယူဖတ်ရှု၍မရနိုင်သော နှစ်ဖက်လျှို့ဝှက်ကုဒ်စနစ်ကိုအသုံးပြုထားသည်။ ၎င်းသည် ၁၃၅ ကီလိုမီတာထိ ပျံသန်းနိုင်ပြီး Mesh Networking နည်းပညာဖြင့် ဒရုန်းအချင်းချင်း ကြားခံဆက်သွယ်ရေးစခန်းအဖြစ် လုပ်ဆောင်ပေးနိုင်သဖြင့် တောတောင်လျှိုမြောင်များနှင့် အီလက်ထရွန်နစ် အဟန့်အတားများရှိသည့် စစ်မြေပြင်များတွင်ပင် ဆက်သွယ်ရေးမပြတ်တောက်ဘဲ တာဝန်ထမ်းဆောင်နိုင်သည်။

အရှည် ၁ ဒသမ ၄၈ မီတာနှင့် တောင်ပံ အကျယ် ၃ ဒသမ ၄ မီတာရှိသော STORK LR ဒရုန်းသည် လျှပ်စစ်စွမ်းအင်သုံးအင်ဂျင်ကို အသုံးပြုထားပြီး အလေးချိန်အားဖြင့် ၁၄ ကီလိုဂရမ်သာရှိသည်။ အလိုအလျောက် မောင်းနှင်မှုစနစ်ကြောင့် ထိန်းချုပ်မောင်းနှင်သူ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးနိုင်သည့်အပြင် လေဖိအားသုံးလွှတ်တင်စနစ်နှင့် ဗိုက်ဖြင့်ဆင်းသက်သည့်စနစ်တို့ကို အသုံးပြုထားသောကြောင့် ပြေးလမ်းမရှိသော နေရာများတွင်ပါ လျင်မြန်စွာ အသုံးပြုနိုင်သည်။ STORK LR ဒရုန်းသည် အမြင့်ပေ ၁၄၇၀၀ ကျော်ထိ တက်လှမ်းနိုင်ကာ ၅ နာရီကြာ မရပ်မနားကင်းထောက်ပျံသန်းနိုင်စွမ်းရှိသဖြင့် မြေပြင်မှ ရန်သူများကို အချိန်ကြာမြင့်စွာ စောင့်ကြည့်နိုင်မည်ဖြစ်သည်။

ယနေ့ခေတ် ပဋိပက္ခများကို လေ့လာကြည့်ပါက ဒရုန်းများသည် မရှိမဖြစ်လက်နက်များဖြစ်လာသော်လည်း တစ်ဖက်တွင်လည်း ဂြိုဟ်တုလမ်းညွှန်စနစ် (GPS) ကို နှောင့်ယှက်ပိတ်ဆို့သည့် နည်းပညာများမှာလည်း စိန်ခေါ်မှုကြီးတစ်ခုဖြစ်လာခဲ့သည်။ ချက်သမ္မတနိုင်ငံ၏ STORK LR ဒရုန်းပေါ်ထွက်လာမှုသည် အဆိုပါ အီလက်ထရွန်နစ်စစ်ဆင်ရေးကဏ္ဍတွင် အရေးပါသော အချိုးအကွေ့တစ်ခုဖြစ်သည်။ ဤဒရုန်း၏ ထူးခြားချက်မှာ ရန်သူ့နှောင့်ယှက်မှုကို ခံစစ်အနေဖြင့်သာမက အလိုအလျောက် သိရှိတုံ့ပြန်နိုင်သော အသိဉာဏ်ရှိသော ကာကွယ်ရေးစနစ်ကို အသုံးချထားခြင်းပင်ဖြစ်သည်။

အထူးသဖြင့် Mesh Networking နှင့် ဂြိုဟ်တုလမ်းညွှန် ဖမ်းစက်စနစ်များကို ပေါင်းစပ်လိုက်ခြင်းသည် ရှေ့တန်းစစ်မြေပြင်ရှိ ဆက်သွယ်ရေးနှင့် လမ်းညွှန်မှုပြတ်တောက်ခြင်းကြောင့် ဒရုန်းများ အသုံးမဝင်ဖြစ်ရသည့်ပြဿနာကို အကောင်းဆုံး ဖြေရှင်းပေးလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

**Czech Republic Rolls Out Drone With Hardend Satellite Navigation** ကို ဘာသာပြန်ဆိုထားပါသည်။



မင်းမျိုး

# ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ရေဦး ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၂၁၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ ဒသမ ၇၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ရေဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံ ၆၂၁၁ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံခင်းတွေ လက်ရှိအချိန်မှာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ပဲစင်းငုံကိုအထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးမြွေထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးမြွေထိုး ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမာက ပြောပြသည်။

မအူပင်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးမြွေထိုး ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငါးမြွေထိုး ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ လစဉ် တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ အခုလို ငါးမြွေထိုးတွေ မှာကုန်များလာတာကြောင့် ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်" ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမာက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုး တစ်ပိဿာလျှင် ငွေကျပ် ၃၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးများ ပိုမို တင်ပို့ရောင်းချနေရခြင်းကြောင့် ငါးမွေးမြူသူများ၊ ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမာက ပြောပြသည်။

**ကျော်ကျော်လင်း**

# ဝေါမြို့နယ် ပေါက်တန်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းစစ်ဆေး

**ဝေါ ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် ပေါက်တန်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်မျိုး၊ ပဲခူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ပေါက်တန်းကျေးရွာ၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး သက်ဆိုင်သူအားလုံးက အလေးထား ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါပေါက်တန်းကျေးရွာ၌ အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိသော ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၃ ဒသမ ၃၀ သန်းဖြင့် ခနတိုးပွားကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ပေါက်တန်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် ယခင်ကထက် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုလေး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# တောင်ကြီးမြို့နယ် သံတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**တောင်ကြီး ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု သံတဲကျေးရွာ၌ မိသားစု ဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဝင်းက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများကို ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် စီမံကိန်းတာဝန်ခံတို့က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သံတဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၉၄၆ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း တောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဝင်းထံမှ သိရသည်။

**မောင်ခိုင်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ချင်းပြည်နယ်အစိုးရအဖွဲ့ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်

**ဟားခါး ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ယနေ့မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။




ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် အခြားတိုင်းဒေသကြီး၊ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်နှိုင်းယှဉ်ပါက လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို Professional ကျကျထမ်းဆောင်ရန် တာဝန်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟုပါရှိပါကြောင်း၊ ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေးသည် ကွာခြားပါကြောင်း၊ ပါတီနိုင်ငံရေးသည် ပါတီတစ်ခု၏အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဖြစ်ပြီး အမျိုးသားနိုင်ငံရေးသည် သာမန်အားဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း ကာကွယ်ခြင်းဖြစ်ပါကြောင်း၊ မည်သည့်အစိုးရတက်တက် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ကိုတာဝန်ခံပြီး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်က ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို ကိုးကားပြီး မိမိတို့ဝန်ကြီးဌာနနှင့်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် တင်ပြလိုသည့်အချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။**ခရိုင်(ပြန်/ဆက်)**

# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၆)ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူ့ဆေးရုံများတွင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင်လည်း ဟန်ချက်ညီညီ ဝန်ဆောင်မှုပေးရန် လိုအပ်သည့်အတွက် စနစ်တကျဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှိရမည့်အင်္ဂါရပ်များ၊ အချက်အလက်များ ပြည့်စုံစွာတင်ပြလာပါက ကြန့်ကြာမှုမရှိဘဲ လိုင်စင် ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း၊ ဆေးရုံဖွဲ့စည်းပုံများ ဆေးရုံအင်္ဂါရပ်နှင့် ညီညွတ်စွာတည်ထောင်ဖွင့်လှစ်ရန် ရည်ရွယ်၍ ကြိုတင်ထောက်ခံချက်တင်ပြရန် အလေးထားဆောင်ရွက်လျက်ရှိပြီး အတည်ပြုထားသော ဗိသုကာပုံစံအတိုင်းတည်ဆောက်ရန် ထိန်းကျောင်း ကြီးကြပ်လျက်ရှိကြောင်း၊ လိုင်စင်စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်သည့် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများကိုလည်း ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများလုံခြုံစိတ်ချရသည့် ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှုရရှိစေရန် ရည်ရွယ်၍ ပုဂ္ဂလိကကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းများနှင့် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်နိုင်ရန် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ခုနှစ်)ကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် လူ့စွမ်းအားအရင်းအမြစ်များ မှန်ကန်စွာ အသုံးချနိုင်ရေး မူဝါဒများချမှတ်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများတိုးတက်ဖြစ်ထွန်းမှု၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်(အသစ်) လျှောက်ထားလာသည့် ကိစ္စရပ်များကိုတင်ပြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအမှတ်(၂)စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်းအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**



**၃၂ ကြိမ်မြောက်**
**တပ်မတော်(ကြည်း၊ ရေ၊ လေ)**
**စစ်တီးဝိုင်းပြိုင်ပွဲတွင် တောင်ပိုင်းတိုင်း**
**စစ်ဌာနချုပ်ကိုယ်စားပြု**
**အမှတ်(၂)စစ်တီးဝိုင်းအသင်း**
**ယှဉ်ပြိုင်စဉ်။**

# မန္တလေးတိုင်းဒေသကြီးရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးက ပညာရေးဒီဂရီကောလိပ်၏ သုံးထပ်ပင်မဆောင်အတွင်း သင်ကြားရေး၊ စီမံရေးဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သုံးထပ်ပင်မဆောင်ရှိ စာသင်ခန်းများ၊ ခန်းမနှင့် Theaterများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်ကြားရေး၊ စီမံရေးဆိုင်ရာလုပ်ငန်းအရည်အသွေးများတိုးတက်အောင် အလေးထားဆောင်ရွက်ရေးမှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်အတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့သွားရောက်၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုအခြေအနေများလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက မန္တလေးပညာရေးဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်မြှင့်တင်နိုင်ရေးနှင့် ဖွင့်လှစ်နိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြင်ဆင်ရမည့်စာသင်ဆောင်များ၊ တည်ဆောက်ဖြည့်ဆည်းရမည့်နေရာ၊ အဆောက်အအုံ Master Plan နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ဆွေးနွေးကာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ထို့နောက် မန္တလေးပညာရေးဒီဂရီကောလိပ်၏ စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ပင်မဆောင်၊ ဘောလုံးအားကစားကွင်း၊ အားကစားရုံ၊ အားကစားကွင်းနှင့် ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်တိုးချဲ့တည်ဆောက်မည့်မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စားသောက်ဆောင်၌ ဆရာ၊ဆရာမများ၊ သင်တန်းသား၊သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဆရာ၊ ဆရာမဖြစ်လာမည့်သူများအနေဖြင့် မိမိတို့ကိုယ်တိုင်သင်ကြားရမည့်ဘာသာရပ်ဆိုင်ရာများကိုအမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်အောင် ယခုကတည်းက ကြိုးစားအားထုတ် ဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့မှသာ နိုင်ငံအတွက်အားထားရမည့် မျိုးဆက်သစ် ပညာတတ်လူတော်လူကောင်းများကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် မှာကြားကာ မန္တလေးပညာရေး ဒီဂရီကောလိပ်အတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ ငလျင်ကြောင့် ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်ပြီးစီးခဲ့သည့် ငါးထပ်စာသင်ဆောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဆိုပါတက္ကသိုလ်အတွင်း ဖွင့်လှစ်ထားရှိသည့် ဇန်းမော်တက္ကသိုလ် ယာယီရုံးခန်းသို့သွားရောက်၍ ဆရာ၊ဆရာမများ၊ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယာယီကာလတွင်ကြုံတွေ့ရသည့်အခက်အခဲစိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ်ပြောင်းလဲကြစေလိုပါကြောင်း၊ လိုအပ်သည်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် သင်ကြားရေးပညာရှင်များဖြစ်၍ ရရှိသည့်အချိန်ကာလနှင့်လျော်ညီစွာ မိမိတို့ဘာသာရပ်ဆိုင်ရာများ၊ သုတေသနလုပ်ငန်းဆိုင်ရာများကို အဆက်မပြတ်အမြဲလေ့လာအားထုတ်ကြရန်လိုပါကြောင်း၊ မည်သည့်အစိုးရလက်ထက်တွင်မဆို မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ်သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားကာ ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ အာဆီယံ-ဂျပန်ဗဟိုဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားလုပ်ငန်း၏ အရေးပါမှုကို အသိအမှတ်ပြုလာကြပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရေး ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာရှိသော ခရီးစဉ်ဒေသများ ဖော်ထုတ်ရေးဆောင်ရွက်ရာတွင် မြေပြင်လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ထိ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ပေါင်း ၂၀၀ကျော် ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း။

ခရီးစဉ်ဒေသစီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့် မိမိတို့၏ခရီးစဉ်ဒေသများသို့ ခရီးသွားဧည့်သည်များပိုမိုလာရောက်လည်ပတ်ရေးနှင့်လုံခြုံစိတ်ချမှုရှိစွာသွားလာလည်ပတ်နိုင်ရေး၊ ဧည့်သည်များကို ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ခရီးသွားဆွဲဆောင်မှုအသစ်များ ဖော်ထုတ်ရေးနှင့် ဈေးကွက်ရှာဖွေမြှင့်တင်ရေး စသည့်လုပ်ငန်းတာဝန်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ အတွေ့အကြုံကောင်းများကို စာတွေ့၊လက်တွေ့လေ့လာသိရှိနိုင်မည်ဖြစ်ပြီး မြေပြင်တွင်လုပ်ငန်းဆောင်ရွက်ရာ၌ ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို မျှဝေပေးနိုင်မည့် အခွင့်အလမ်းကောင်းများရရှိနိုင်မည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှ ရရှိလာမည့် ဆွေးနွေးမှုရလဒ်နှင့် တွေ့ရှိချက်များကို သက်ဆိုင်ရာခရီးစဉ်ဒေသများတွင် လက်တွေ့အသုံးချအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေး အာဆီယံ-ဂျပန်ဗဟိုဌာန၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပညာရှင်များက ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးပြောကြားကာ အဖွဲ့များခွဲ၍ဆွေးနွေးခြင်း၊ စကားဝိုင်းဆွေးနွေးခြင်းနှင့် ဆွေးနွေးပွဲရလဒ်များကို သုံးသပ်တင်ပြခြင်းများဆောင်ရွက်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် လက်ရွေးစင်အားကစားသမားများ၊ နည်းပြများ၏ စွမ်းဆောင်မှုအရည်အသွေးများ လိုအပ်သည့်အပြင် ခေတ်မီနည်းပညာစံနှုန်းသတ်မှတ်ချက်များနှင့်တည်ဆောက်ထားသည့် အားကစားကွင်း၊ အားကစားရုံများစွာ လိုအပ်သည့်အတွက် နိုင်ငံတကာနည်းပညာနှင့် တည်ဆောက်သွားမည့် ရန်ကုန်မြို့၏အထင်ကရသမိုင်းဝင်အားကစားကွင်းကြီးဖြစ်သည့် အောင်ဆန်းအားကစားကွင်းကြီး အောင်မြင်စွာပေါ်ထွန်းလာစေရန်နှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည့် အားကစားကွင်းသစ်ကြီးအဖြစ် ထပ်မံပေါ်ထွန်းလာစေရေး အကြံပြု ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီဖွဲ့စည်းထားရှိမှု၊ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များ၊ ကျန်ရှိသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရစဉ်က ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသော တိုင်းရင်းသားပြည်သူတို့နှင့်အတူ နယ်ချဲ့တို့ကို ရဲဝံ့စွန့်စားစွာ ခုခံတော်လှန်ခဲ့ကြပါသည်။

ထို့ပြင် လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလက ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှျုရ်မှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) သတိုးမဟာသရေစည်သူ ဦးဝမ္မသူးမောင်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) သီရိပျံချီ ဦးထပ်လိုင်းတို့သည်လည်းကောင်း၊ လွတ်လပ်ရေးရပြီးကာစ ပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီးဟရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီးလျန်ကျင့်ဇမ်း၊ ဗိုလ်ကြီးသူရဲ အောင်ဆန်းသူရိယတိုက်ချွန်း၊ ဗိုလ်မှူးကြီး ဇေယျကျော်ထင်ဗန်ကူး၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများက နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့် တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများစွာ သမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်ခဲ့ကြသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ် ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးခါစ ၁၉၄၈ ခုနှစ် ဖလမ်းမြို့ လူထုအစည်းအဝေးပွဲက ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော ဖေဖော်ဝါရီ ၂၀ ရက်ကို **"ချင်းအမျိုးသားနေ့"**အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး အခမ်းအနားများ နှစ်စဉ်ဂုဏ်ယူစွာကျင်းပခဲ့သည်မှာ ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ **ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်နှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိကြသည့် ပြည်တွင်း၊ ပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒ သွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန်လိုအပ်ပါ**သည်။

ယခုကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကို အမှန်အတိုင်းသုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အဓမ္မနည်းဖြင့် လိုချင်တပ်မက်သည့် ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှစတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့ကလည်း ဖြစ်ပေါ်လာသော မတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသောဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးပြီး နယ်မြေနှင့် အာဏာချဲ့ထွင်ရန် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ်အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အအုံများစွာပျက်စီးဆုံးရှုံးကာ တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

**ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်နှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိကြသည့် ပြည်တွင်း၊ ပြည်ပအဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒ သွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန်လိုအပ် . . .**

**နိုင်ငံနှင့် ပြည်သူအတွက် ဆိုးကျိုးများကိုဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရေး ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများက အားလုံးပူးပေါင်းပါဝင်ကြရန်တိုက်တွန်း . . .**

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်ပါသည်။ ပျက်စီးဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင်ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန် ရရှိနေသည့် အခြေအနေတွင် ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်က ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိပါသည်။ ထို့ကြောင့် **နိုင်ငံနှင့် ပြည်သူအတွက် ဆိုးကျိုးများကိုဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရေး ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများက အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်း**အပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဦးတည်ချက်လေးရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားရေး ကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီး တိုးတက်ကောင်းမွန်လာမည်ဖြစ်ရာ ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် စီးပွားရေးဆိုင်ရာများကို ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျသောမွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများကိုအခြေခံ၍ အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများဖြင့် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ကြပြီး ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးထိပါ ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်က ရည်မှန်းတည်ဆောက်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ပြီး အသိပညာ၊ အတတ်ပညာ ပြည့်စုံကြရန်လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အသိပညာ၊ အတတ်ပညာရှိသူများဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်သည်ထိ ပညာသင်ယူခွင့်ရရှိရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ KG+9 ပြီးမြောက်အောင်မြင်သူများ အသက်မွေးဝမ်းကျောင်းမှုပညာများ သင်ယူနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၉ ကျောင်းကိုလည်း ဖွင့်လှစ်ထားရှိပြီး လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပါသည်။

အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို ဒေသအလိုက် လက်လှမ်းတမီသင်ယူနိုင်ရေး ကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ ကျောင်းနေအရွယ်လူငယ်တိုင်း ကျောင်းနေရေး၊ အချိန်မတိုင်မီ ကျောင်းထွက်မှုမရှိစေရေး၊ ပညာရေးကို ဆုံးခန်းတိုင်သင်ယူပြီး ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် သင်ကြားသင်ယူမွေးထုတ်ပေးနိုင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။ လူသားအားလုံးအတွက် ပညာရေးနည်းတူ ကျန်းမာရေးသည်လည်း အဓိကကျသဖြင့် နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှု၊ အသိပညာပေးမှုများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ လူတိုင်းအသက်ရှည်ကျန်းမာအောင် ကိုယ်တိုင်ကျင့်ကြံနေထိုင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံတော်တာဝန်များကို တပ်မတော်က ခေတ္တထိန်းသိမ်းရယူခဲ့ရပါသည်။ ထိုသို့ စတင်တာဝန်ယူချိန်မှစ၍ ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအရ လွှတ်တော်အစည်းအဝေးများကို မတ်လတွင် ကျင်းပမည်ဖြစ်ပြီး ပေါ်ထွက်လာမည့် အစိုးရအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များကို လွှဲအပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် အလေးအနက်ထားတိုက်တွန်း**အပ်ပါသည်။ **ချင်းတိုင်းရင်းသားများအနေဖြင့် သမိုင်းစဉ်ဆက် ရှိရင်းစွဲဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း** ဆုမွန်ကောင်းတောင်းရင်း ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် အလေးအနက်ထားတိုက်တွန်း . . .**

**ချင်းတိုင်းရင်းသားများအနေဖြင့် သမိုင်းစဉ်ဆက်ရှိရင်းစွဲဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ဆက်လက်ထမ်းဆောင် . . .**

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
ယာယီသမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

# ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ် Mr. Konstantin Kanarev နှင့် ရှမာနော့ဗ်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ် Mr. Konstantin Kanarev နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အကြီးဆုံး လူမှုအကျိုးပြုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ရှမာနော့ဗ်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့တို့ကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။




ထိုသို့တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှမာနော့ဗ်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံရှိ ဘေးသင့်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများပေးအပ်မည့်ကိစ္စ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအကျိုးဆက်များ တားဆီးရေးဝန်ကြီးဌာန (EMERCOM)တို့အကြား ရုရှား-မြန်မာ အရေးပေါ်တုံ့ပြန်ရေးဗဟိုဌာန(Russia–Myanmar Joint Humani–tarian Response Center) ထူထောင်ရန်နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ မန္တလေးငလျင်ကြီးအတွက် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာက အကူအညီပေးအပ်ခဲ့မှုများ၊ ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ်နှင့် ရှမာနော့ဗ်ဖောင်ဒေးရှင်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

### ❒ ဒုတိယအစည်းအဝေးမှ

ဦးစွာ အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား နဝကမ္မ အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက "သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ" အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကိုဖွင့်လှစ်တော်မူကြပြီး အခမ်းအနားမှူးဆရာတော်က အစည်းအဝေးကျင်းပမည့် ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၉၊ ၂၀၊ ၂၁ ရက်တို့အတွက် အစည်းအဝေးအစီအစဉ်များကို လျှောက်ထားကာ အစည်းအဝေးကြီး၏ အတည်ပြုချက်ကိုရယူသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော မြင်းခြံမြို့ ချောင်းဒေါင်းပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေလာသ၊ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ၊ ပြည်မြို့ ရွှာဘဲတောင်ပေါ်ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ တာမွေမြို့နယ် ဒေဝကုန္တရီပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တထေရာနန္ဒနှင့် မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာသနတို့၏ ဩဝါဒကထာများကို နာယူကြသည်။

ယင်းနောက် အစည်းအဝေး သဘာပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ၁၃၈၆ ခုနှစ် တပေါင်းလမှ ၁၃၈၇ ခုနှစ် ယနေ့ထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက်ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝက လည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသက လည်းကောင်း၊ ပညာရေးရာကဏ္ဍကို သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝေဠုရိယက လည်းကောင်း ဖတ်ကြားတင်သွင်း လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရနှင့် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသတို့က ရှင်းလင်းပြန်ကြား လျှောက်ထားပြီး ပျံလွန်တော်မူသွားကြသော တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ကာ ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင် ဇနီး ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)အမှတ် ၂၄၀ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်း မပြုရန်၊

( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်မည်

နေပြည်တော်   ဖေဖော်ဝါရီ ၁၉

၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) သုံးခုအနက် နှစ်ခုကို "Multiprofessional Patient Safety: Engaging Health Educators to enhance Patient Safety" ခေါင်းစဉ်နှင့် "Silent Mentor Surgical Workshop" ခေါင်းစဉ်တို့ဖြင့် တပ်မတော်ဆေးတက္ကသိုလ်၌ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်ထိလည်းကောင်း၊ "Modern Damage Control in the Era of Polycrisis" ခေါင်းစဉ်ဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀)၌ ၂၀၂၆ ခုနှစ် မတ် ၃ ရက်တွင်လည်းကောင်း၊ ဆေးပညာနှီးနှောဖလှယ်ပွဲကို အမှတ်(၂) တပ်မတော် ဆေးရုံ(ခုတင် ၇၀၀)၌ ၂၀၂၆ ခုနှစ် မတ် ၄ ရက်မှ ၆ ရက်ထိလည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၌ သုတေသနစာတမ်း ၇၁ စောင်၊ သုတေသနလုပ်ဆောင်ချက်ပိုစတာ ၆၈ ခု၊ Symposium of the Conference တစ်ခု၊ Major Symposium တစ်ခု၊ Symposium ၁၃ ခု၊ Clinicopathological Conference တစ်ခု၊ Clinical Session တစ်ခု၊ Special Talk ရှစ်ခု၊ Meet the Expert တစ်ခုတို့ကို ပြည်တွင်း၊ ပြည်ပမှ သုတေသီများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် အငြိမ်းစား အရာရှိကြီး၊ အရာရှိများ၊ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများ၊ နှီးနှောဖလှယ်ပွဲအစီအစဉ်တွင်ပါဝင်သည့် အရာရှိကြီး၊ အရာရှိများ၊ Symposium၊ စာတမ်း၊ ပိုစတာ Present ပြုလုပ်မည့်သူများမှအပ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အငြိမ်းစား အရာရှိကြီး၊ အရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် သူနာပြုများအနေဖြင့် Online မှ တက်ရောက်နိုင်မည်ဖြစ်ပြီး www.dsmrdc.org တွင်ဝင်ရောက်ကြည့်ရှု၍ Registration ပြုလုပ်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)

# ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များ(Private Cinema) ဖွင့်လှစ်ပြသနေမှုနှင့် ပတ်သက်၍ အသိပေးကြေညာချက်

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအနေဖြင့် အချို့သော စီးပွားရေးလုပ်ငန်းရှင်များသည် ပရိုဂျက်တာ၊ TV အသုံးပြု ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များကို ဟိုတယ်၊ တည်းခိုခန်းများကဲ့သို့ အခန်းကန့်ပြီး ဖွင့်လှစ်လာကြ၍ မလိုလားအပ်သော လူမှုရေးရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြသခွင့်လိုင်စင်များထုတ်ပေးမှုများရှိပါက ချက်ချင်း ရုပ်သိမ်းသွားရန်နှင့် တရားမဝင်ပြသနေမှုများကို ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေအရ အရေးယူဆောင်ရွက်သွားရန် တိုင်းဒေသကြီး၊ ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိပါသည်။

သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ RIO Private Cinema၊ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ The Vibe Mini Cinema အပါအဝင် အချို့သော Private Cinema များသည် ဆင်ဆာမဲ့ရုပ်ရှင်ဇာတ်ကားများကို အသုံးပြု၍ မလျော်ကန်စွာ တရားမဝင် ဆက်လက်ဖွင့်လှစ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ပါ၍ လုပ်ငန်းလိုင်စင်မရှိဘဲ ရုပ်ရှင်ရုံဖွင့်လှစ်ပြသခြင်း၊ ဆင်ဆာမဲ့ဇာတ်ကားများပြသခြင်းများ ဆက်လက်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ




# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။



❖ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ ရန်ကျော်ထွေး၊ ပွဲချိန် ၉၁ မိနစ်တွင် အောင်သီဟတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုး ကို ပွဲချိန် ၉၅ မိနစ်တွင် ဖြိုးခန့်ငြိမ်းက သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရေဝတီယူနိုက်တက်အသင်းနှင့် ရှင်ယူနိုက်တက် အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရေဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရေဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်၊ ၄၁ မိနစ်တို့တွင် တည်ငြိမ်မင်းက သွင်းယူနိုင်ခဲ့ကာ ရှင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၁ မိနစ်တွင် ခင်ကျော်ဝင်းက သွင်းယူနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈) အဖြစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားအသင်းတို့ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ပြည်သူများထံ အသိပေးပန်ကြားချက်

➢ အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Online Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊

➢ လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊

➢ အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊

➢ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊

➢ အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နွေအပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။


သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင် ဆက်သွယ်ရန်

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ရုံးအမှတ်(၂၃)၊ နေပြည်တော်

၂၄နာရီဆက်သွယ်ရန်- ၀၆၇ ၃၄၀၄၆၆၆၊ ၀၆၇ ၃၄၀၄၇၇၇

Email- ddmrelief.lm@gmail.com

reliefup2025@gmail.com

myanmareoc.rrd@gmail.com


၈

# သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ သုတေသနအကြံပေးကော်မတီ(RAC) ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၉

သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ သုတေသနအကြံပေးကော်မတီ(RAC) ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောသုတေသနဌာနခွဲမှ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက သုတေသနအကြံပေးကော်မတီကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်သည့် လမ်းညွှန်မှုများပေးပို့နိုင်ရန် ရည်ရွယ်ကြောင်း၊ သုတေသန စာတမ်းဖတ်ပွဲ ၃၆ ကြိမ်အတွင်း စာတမ်းစုစုပေါင်း ၆၂၂ စောင်ကို ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ မကြာမီကျင်းပမည့် ၃၇ ကြိမ်မြောက် သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သစ်တော၊သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ သုတေသနအကြံပေးကော်မတီ (RAC) ပဉ္စမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ သစ်တောသုတေသနဌာနခွဲ ညွှန်ကြားရေးမှူးက ၃၇ ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်မည့် သုတေသန အဆိုပြုလွှာများကို ဆွေးနွေးတင်ပြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ





နေပြည်တော် ဖေဖော်ဝါရီ ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူ့ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၇၀ ဒသမ ၆၁၈၆ တန်၊ သစ်မာ ၁၂ ဒသမ ၃၆၅၄ တန်၊ အခြား ၉၂ ဒသမ ၈၃၃၈ တန် စုစုပေါင်း ၁၇၅ ဒသမ ၈၁၇၈ တန်၊ ယာဉ်ယန္တရား လေးစီး၊ တရားခံ ၁၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# တရားမဝင် မီးသွေးများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်၊ လိုင်စင်မဲ့ငါးဖမ်းရေယာဉ်များ ဖမ်းဆီးရမိ

တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု



လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၄ ရက်၊ ၇ ရက်တို့တွင် ကော့သောင်းမြို့နယ် ဇီဝစိုးကျွန်းအနီး၌ တရားဝင်ငါးဖမ်းခွင့် လိုင်စင်မရှိသည့် ငါးဖမ်းရေယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းဥပဒေအရ လည်းကောင်း၊ ကော့သောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ငွေပုလဲချောင်းကမ်းအနီး၌ တရားမဝင် ပေါင် ၆၀ ဝင် မီးသွေးအိတ် ၇၃ အိတ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၄၅၆၀ ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၆၂၄၅၆၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဖေဖော်ဝါရီ ၄ ရက်၊ ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု အမှုတွဲငါးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၄၅၆၀ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုး သက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍တားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင် မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ပြင်သစ်နိုင်ငံအနောက်ပိုင်းတွင် ရေကြီးရေလျှံမှုမြင့်တက်လာခြင်းကြောင့် ရေကြီးမှုအန္တရာယ် အမြင့်ဆုံးသတိပေးချက်များ ထုတ်ပြန်



**ပဲရစ် ဖေဖော်ဝါရီ ၁၉**

ပြင်သစ်နိုင်ငံ အနောက်ပိုင်းဒေသအများစုတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုမြင့်တက်လာခြင်းကြောင့် ရေကြီးမှုအန္တရာယ် အမြင့်ဆုံးသတိပေးချက်များကို အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပြင်သစ်နိုင်ငံအနောက်ပိုင်းရှိ ရေကြီးနိုင်ခြေမြင့်သော ဒေသလေးခုကို အနီရောင်သတိပေးချက် ထုတ်ပြန်ထားပြီး ဒေသ ၁၃ ခုကို လိမ္မော်ရောင် သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ နောက် ၂၄ နာရီအတွင်း ရေကြီးရေလျှံမှုများ ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် လိမ္မော်ရောင်သတိပေးချက် ထုတ်ရမည့် ဒေသအရေအတွက်သည် ၂၀ ထိ တိုးမြင့်နိုင်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ Angers မြို့တောင်ဘက်ရှိ Chalonnes-sur-Loire ဒေသတွင် ရေကြီးနေသော Loire မြစ်ကို ဖြတ်သန်းရန် ကြိုးပမ်းခဲ့သည့် အသက် ၅၃နှစ်ရှိ အမျိုးသားတစ်ဦး ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း၊ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေသော်လည်း ရေစီးအရှိန်ပြင်းထန်မှုကြောင့် အသက်ရှင်နိုင်ချေနည်းပါးကြောင်း၊ Les Ponts-de-C မြို့အနီးတွင်လည်း ရေလျှံမှုကြောင့် လမ်းများပေါ် ရေတက်လာသဖြင့် ယာယီ သစ်သားလျှောက်လမ်းများ တည်ဆောက်ထားကြောင်း ဒေသအာဏာပိုင်များက ပြောကြားထားသည်။

ယခုရေကြီးမှုများဖြစ်ပွားရခြင်းသည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကြောင့်ဖြစ်ကြောင်း၊ ရေကြီးမှုအရေးပေါ် ပြဿနာကို ချက်ချင်း ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပြီး အနာဂတ်တွင် ကြီးမားသော ရာသီဥတုဖြစ်ရပ်များကို ခံနိုင်ရည်ရှိစေရန်အတွက် အစီအစဉ်များချမှတ်ရန် လိုအပ်ကြောင်း ပြင်သစ်သဘာဝပတ်ဝန်းကျင်ဝန်ကြီး Monique Barbut က အလေးပေး ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အင်ဒိုနီးရှားနိုင်ငံ ဂျုရန်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ဂျကာတာ ဖေဖော်ဝါရီ ၁၉**

အင်ဒိုနီးရှားနိုင်ငံ ဂျုရန်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန် မြင့်မားသည့်အတွက် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း အင်ဒိုနီးရှား အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဂျုရန်ဒေသရှိ အဓိကလမ်းမကြီးတချို့ ရေလွှမ်းနေပြီး လမ်းမကြီးများကို ယာယီပိတ်ထားကြောင်း၊ ယာယီပိတ်ထားရသည့် လမ်းများမှာ ဂျုရန်မြို့တော်ခန်းမလမ်း၊ ဂျုရန်အရှေ့ဘက်အမှတ် ၁၁ လမ်းမှ ဂျုရန်အရှေ့ဘက် အမှတ် ၁၂ လမ်းတစ်လျှောက်ဖြစ်ကြောင်း သိရသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံဦးရေကို စိစစ်နေဆဲဖြစ်ပြီး ဂျုရန်ဒေသကုန်းနိမ့်ပိုင်းရှိ ဧရိယာတွင်နေထိုင်သော ဒေသခံများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေဆဲဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဂျုရန်ဒေသမှာ ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ အထူးသဖြင့် မြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ အဓိက ဆက်သွယ်သွားလာရေး လမ်းမကြီးတချို့ကိုလဲ ယာယီပိတ်ထားရပါတယ်။ ကုန်းနိမ့်ပိုင်းဧရိယာတွေမှာရှိတဲ့ လူနေအိမ်ခြေတွေနဲ့ အစိုးရရုံးတချို့က ဒေသခံဝန်ထမ်းတွေလဲ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ ရေလွှမ်းနေတဲ့ဧရိယာတွေကို လုံးဝဖြတ်သန်းသွားလာခြင်းမပြုဖို့လဲ အထူးသတိပေးလိုပါတယ်" ဟု အင်ဒိုနီးရှား အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# နိုင်ငံရှိ ရှေးဟောင်းအမွေအနှစ် သစ်တောကြိုးဝိုင်းကို ခုတ်ထွင်ရှင်းလင်းခဲ့သည့် ကုမ္ပဏီကို ဩစတြေးလျသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ဒေါ်လာ ၅၅ သန်းဒဏ်ရိုက်

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၉**



ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျ ပြည်နယ်ရှိ ရှေးဟောင်းအမွေအနှစ် သစ်တောကြိုးဝိုင်းကို သတ္တုမိုင်းတွင်းလုပ်ကွက်အတွက် ခုတ်ထွင်ရှင်းလင်းခြင်းများ ပြုလုပ်ခဲ့သည့် Alcoa ကုမ္ပဏီကို သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ဒဏ်ရိုက်အရေးယူခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ရှေးဟောင်းအမွေအနှစ် သစ်တောကြိုးဝိုင်းကို ခုတ်ထွင်ရှင်းလင်းမှုဖြင့် တိုင်ကြားထားကြောင်း၊ သစ်တောကြိုးဝိုင်းခုတ်ထွင်ရှင်းလင်းထားသည့် ဧရိယာမှာ ဟက်တာ ၂၁၀၀ ရှိပြီး ခုတ်ထွင်ရှင်းလင်းမှုများကြောင့် ဒဏ်ကြေးငွေအဖြစ် ဩစတြေးလျဒေါ်လာ ၅၅ သန်း ပေးလျော်ရမည်ဖြစ်သည်။

Alcoa ကုမ္ပဏီမှ ပေးလျော်မည့်လျော်ကြေးငွေဖြင့် သစ်တောကြိုးဝိုင်းများ ပြန်လည်စိုက်ပျိုးသွားရေးနှင့် သစ်တောကြိုးဝိုင်းများပျက်စီးမှုမှ ကာကွယ်သွားရေး အစီအစဉ်အတွက် ပြန်လည်သုံးစွဲမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန တာဝန်ရှိသူထံမှ သိရသည်။

"အနောက် ဩစတြေးလျပြည်နယ်ရဲ့ ရှေးဟောင်းအမွေအနှစ် သစ်တောကြိုးဝိုင်းတွေကို ခွင့်ပြုချက်မရဘဲ ခုတ်ထွင်ရှင်းလင်းရေး လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ခဲ့ပြီးတော့ Alcoa ကုမ္ပဏီကို ဒဏ်ကြေးငွေ ဩစတြေးလျဒေါ်လာ ၅၅ သန်း ပေးဆောင်ဖို့ ချမှတ်လိုက်ပါတယ်"ဟု ဩစတြေးလျ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ရိုမေးနီးယားနိုင်ငံတွင် နှင်းမုန်တိုင်းနှင့်အတူ နှင်းကျဆင်းမှုနှင့် မိုးရွာသွန်းမှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်နေ

**ဘူခါရက်စ် ဖေဖော်ဝါရီ ၁၉**

ရိုမေးနီးယားနိုင်ငံတစ်ဝန်းတွင် နှင်းမုန်တိုင်းကြောင့် နှင်းကျဆင်းမှုနှင့် မိုးရွာသွန်းမှုကြောင့် အိမ်ခြေ ၂၀၀၀၀၀ ခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ရိုမေးနီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၈ ရက်က နှင်းမုန်တိုင်း တိုက်ခတ်ခဲ့ကြောင်း၊ လက်ရှိနိုင်ငံတစ်ဝန်းတွင် နှင်းမုန်တိုင်းကြောင့် နှင်းထု ၄၀ စင်တီမီတာထိ ကျဆင်းခဲ့ခြင်းကြောင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း၊ သစ်ပင်များ ပြိုလဲခဲ့ခြင်းကြောင့် လမ်းမများနှင့် ရထားလမ်းများ ပိတ်ဆို့သွားကာ အဝေးပြေး လမ်းမကြီးများနှင့် လမ်းသွယ်များတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူတို့၏ ခရီးစဉ်များစွာလည်း နှောင့်နှေးခဲ့ကြောင်း စွမ်းအင်ဝန်ကြီး Bogdan Ivan က ပြောကြားခဲ့သည်။

အမျိုးသားအရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ၏အဆိုအရ ခရိုင်ခြောက်ခုတွင် လူနာတင်ယာဉ် ၁၀ စီးဖြင့် နှင်းထဲတွင် ပိတ်မိခဲ့သောသူများကို အရေးပေါ်ကယ်ဆယ်ပေးခဲ့ကြောင်း၊ မြို့ပေါင်း ၂၆၆ မြို့တွင် လျှပ်စစ်မီး ပြတ်တောက်ခဲ့သော အိမ်ခြေ ၂၀၀၀၀၀ ခန့်ရှိကြောင်း၊ ယနေ့တွင် အိမ်ခြေ ၈၆၀၀၀ ကို လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေး ဆောင်ရွက်နေကြောင်း၊ အစိုးရနှင့် လျှပ်စစ်ဖြန့်ဖြူးရေးကုမ္ပဏီများက လျှပ်စစ်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့များကို နိုင်ငံအနှံ့စေလွှတ်ထားပြီး လျှပ်စစ်ကြိုးများ ပြန်လည်ပြင်ဆင်သွယ်တန်းရေး၊ ပြိုလဲသစ်ပင်များ ဖယ်ရှားရေးတို့ကို အရှိန်မြှင့်တင် ဆောင်ရွက်နေကြောင်း သိရသည်။

မိုးလေဝသဌာနက နှင်းကျမှုနှင့် လေပြင်း တိုက်ခတ်မှုများ ဆက်လက် ဖြစ်ပေါ်နေကြောင်း၊ နှင်းမုန်တိုင်း တိုက်ခတ်နေဆဲဖြစ်သဖြင့် အာဏာပိုင်များက ပြည်သူများကို မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုလုပ်ရန် သတိပေးတိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဂရိနိုင်ငံဒေသများတွင် မိုးသက်လေပြင်းကျရောက်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုများ ဖြစ်ပေါ်နေ

**အေသင် ဖေဖော်ဝါရီ ၁၉**

ဂရိနိုင်ငံ အိုင်အိုနီယန်ကျွန်းချာနီယာဒေသ၊ အချိုင်အာဒေသနှင့် တက်ဆာလိုနီကီ ဒေသတို့တွင် ဖေဖော်ဝါရီ ၁၈ ရက်က မိုးသက်လေပြင်းကျရောက်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုများဖြစ်ပေါ်နေကြောင်း ဂရိနိုင်ငံ Race to Restore Safety and Services အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မြေပြိုကျမှုကြောင့် အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များပျက်စီးခဲ့ကြောင်း၊ အကြီးစားပျက်စီးမှုမျိုး မဟုတ်သော်လည်း အန္တရာယ်ရှိနိုင်သည့် အခြေအနေဖြစ်သည့်အတွက်ကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

လေပြင်းမုန်တိုင်းကြောင့် သစ်ပင်ကြီးတချို့ လဲကျခဲ့သကဲ့သို့ သစ်ကိုင်းများ ကျိုးကျမှုကြောင့်လည်း လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သဖြင့် သစ်ကိုင်းရှင်းလင်းမှုပြုလုပ်ပေးခဲ့ရသည့် နေရာပေါင်း ၈၈ နေရာထိရှိကြောင်း၊ မြေပြိုကျမှုဖြစ်ပွားနေသည့် နေရာပေါင်း ၃၃ နေရာထိရှိနေပြီး မြေပြိုကျမှုဖြစ်ပေါ်သည့် ဧရိယာအတွင်း နေထိုင်သူများကို ကယ်ဆယ်ရေးဝန်ထမ်းများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။

"အိုင်အိုနီယန်ကျွန်း ချာနီယာဒေသ၊ အချိုင်အာဒေသနဲ့ တက်ဆာလိုနီကီဒေသတို့မှာ လေပြင်းမုန်တိုင်း ကျရောက်ခဲ့ပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းပြီးတော့ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်ခဲ့ပါတယ်။ အန္တရာယ်ရှိတဲ့အတွက် ဒေသခံတွေကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းဖို့လဲ ကူညီပေးနေပါတယ်"ဟု ဂရိနိုင်ငံ Race to Restore Safety and Services အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# အကြံပေးခြင်း အနုပညာ

မနှင်းဖွေး



ကျွန်မတွင် မိတ်ဆွေအပေါင်းအသင်း အတန်အသင့်ရှိသည်။ ကျွန်မ၏အကျိုးကို အမှန်တကယ်လိုလားပြီး အကြံကောင်း၊ဉာဏ်ကောင်းများပေးတတ်သော မိတ်ဆွေစစ်၊ မိတ်ဆွေမှန်များလည်းရှိသည်။ ထိုအထဲတွင် မေကျော့လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

မေကျော့နှင့်ကျွန်မ သိကျွမ်းခင်မင်ခဲ့သည်မှာ ကြာမြင့်လှပေပြီ။ နှစ်ပေါင်း ၂၀၊ ၂၅ နှစ်ပင်မကတော့။ ရိုးသားပွင့်လင်း၍ တစ်ဖက်သားအပေါ် ကူညီတတ်သောမေကျော့ကို ကျွန်မသည် စတွေ့ကတည်းက ခင်မင်ခဲ့သည်။ ခြောက်ထပ်ရုံးကြီးရှိ(...) ဌာနတွင် ဘွဲ့ရအငယ်တန်းစာရေးများ တစ်သီကြီး ခန့်လိုက်သည့်အသုတ်တွင် သင်္ချာဘာသာဖြင့် ဘွဲ့ရသော ကျွန်မရော၊ ပထဝီဝင်ဘာသာဖြင့် ဘွဲ့ရသော မေကျော့ပါ ပါဝင်ခဲ့သည်။ ကျောင်းသားစိတ်ကလည်း မကုန်၊ ရုံးဆိုသည့်အရှိန်ကိုလည်း လန့်၊ အလုပ်ခန့်စာမှာ "ဒေါ်ဘယ်သူ" "ဒေါ်ဘယ်ဝါ"၊ "ဦးဘယ်သူ"၊ "ဦးဘယ်ဝါ"များတပ်ထားသဖြင့် ရှိုးတိုးရှန့်တန့်နှင့် မနေတတ်၊ မထိုင်တတ်ဖြစ်နေကြသော ကျွန်မတို့တစ်တွေကို ဦးဆောင်သူက မေကျော့ဖြစ်သည်။

"ဂျူတီရီပို့ကို ဒီလိုရေးရတယ်"

"ဝဝနဲ့ ဗိုက်ပူပူ အရာရှိကြီးက ဒီဌာနတစ်ခုလုံးရဲ့ အကြီးအကဲ။ တို့နဲ့ တိုက်ရိုက်ပတ်သက်တဲ့သူက အဲဒီ အရပ်မြင့်မြင့်၊ မျက်မှန်နဲ့လူ။ နာမည်က ဦးခင်အောင်တဲ့"

"ထမင်းစားချိန်ရယ်လို့ သတ်သတ်မရှိဘူး။ ကိုယ်အလုပ်အားတဲ့အချိန် ကိုယ့်စားပွဲမှာပဲ စားလို့ရတယ်"

"ဟဲ့…အဲဒီလူက ဘာမှမဟုတ်ဘူး။ ငါတို့ကို လူသစ်တွေ ဘာမှနားမလည်ဘူးဆိုပြီး ပညာပြနေတာ။ မကြောက်နဲ့"

စသည်ဖြင့် သူသိသမျှကို မျှဝေပေးခဲ့သည်။

"အိမ်သာက ဟိုဘက်ခြမ်းမှာ ရှိတယ်နော်။ မသွားရဲရင်ပြော၊ လိုက်ပို့ပေးမယ်"

မျက်စိသငယ်နားသငယ်နှင့် အရာရှိချပေးသော နေရာတွင် ကုပ်ချောင်းချောင်းထိုင်နေသော ကျွန်မကို အထက်ပါစကားဖြင့် သူမိတ်ဆက်ခဲ့သည်။ ထိုစဉ်က ကျွန်မမှာလည်း အိမ်သာဘယ်မှာရှိမှန်းမသိသဖြင့် အန္တရာယ်ကို ကြိတ်မှိတ်လွယ်ထားပြီး စိတ်ညစ်နေသည့်အချိန်။ သူ၏ကူညီစောင်မမှုဖြင့် ကျွန်မ၏ ကျန်းမာရေးကိစ္စ အောင်မြင်သွားပြီးကတည်းက သူ့ကို ကျွန်မကျေးဇူးအတင်ကြီးတင်ကာ အခင်မင်ကြီး ခင်မင်ခဲ့လေသည်။

"မင်းကြည့်ရတာ သိပ်ရှက်တတ်ပုံရတယ်။ အင်းဒါဆိုရင်မလွယ်ဘူး။ အပျိုကြီးဖြစ်မှာသေချာတယ်"

တွေ့တွေ့ချင်း မဦးမချွတ် ပြောလိုက်သည့် သူ့စကား။

အလုပ်ခွင်ဝင်ပြီး နှစ်နှစ်ခန့်အကြာတွင် ကျွန်မတို့ လူစုကွဲကုန်သည်။ ၎င်းသည်လည်း မေကျော့ပေးသော အကြံကြောင့်ဖြစ်သည်။

"ဒီမှာက ရာထူးတက်ဖို့ သိပ်ကြာတယ်ပြောတယ်။ အဲဒီတော့ တို့တွေ ဒီအတိုင်းနေလို့မဖြစ်ဘူး။ ဌာနပြောင်းနိုင်ရင်ပြောင်း ဒါမှမဟုတ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကခေါ်တဲ့ စာမေးပွဲကို ကြုံရင် ကြုံသလို ဝင်ဖြေသင့်တယ်ကွ"

သည်လိုနှင့် ကျွန်မတို့ အလုပ်အတူဝင်ကြသူများထဲမှ တချို့က ဌာနပြောင်း၊ တချို့က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကခေါ်သော စာမေးပွဲဝင်ဖြေနှင့် အလုပ်ရှုပ်ကုန်သည်။

စာမေးပွဲကလည်း အောင်ရန်ခက်သည်။ ရေးဖြေပင် အောင်ရန်အနိုင်နိုင်။ ရေးဖြေအောင်လျှင်လည်း နှုတ်ဖြေအောင်ရန်က မလွယ်။ တချို့က ဇွဲနပဲနှင့် ဆက်ဖြေသည်။ တချို့က လက်လျှော့သွားသည်။ နယ်ပြန်ပြီး ကျောင်းဆရာလုပ်တော့မည်ပြော၍ နယ်ပြန်သူလည်းရှိသည်။ အမျိုးသားတချို့ ဗိုလ်သင်တန်းလျှောက်ကာ စစ်ထဲဝင်သွားကြသည်။

ကံအားလျော်စွာ ၁၀ ကြိမ်မြောက်ဖြေဆိုသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးစာမေးပွဲတွင် ကျွန်မ ရေးဖြေရော နှုတ်ဖြေပါ အောင်မြင်သဖြင့် ယခုလက်ရှိ အလုပ်ကို ရခဲ့သည်။ ပြောရလျှင် မေကျော့ပေးသော အကြံအတိုင်းဆောင်ရွက်ခဲ့သောကြောင့် အငယ်တန်းစာရေးဝန်ထမ်းမှ ချက်ချင်းအရာရှိဖြစ်ကာ ဘဝတစ်ဆင့်မြင့်ခဲ့ခြင်းဖြစ်သည်။

အကြံကောင်း၊ ဉာဏ်ကောင်းပေးသော မေကျော့ကတော့ မအောင်သေး။ သို့သော် သူက စိတ်မပျက်။ စိတ်မပျက်ရုံမက ပျော်၍ပင် နေသေးသည်။ ပျော်သည်လေ။ ရုံးသို့ အသစ်ပြောင်းလာသော အရာရှိငယ်တစ်ဦးနှင့် ချစ်ရည်တူနှစ်ကိုယ်မျှနေပြီ မဟုတ်လား။

ကျွန်မက ဌာနပြောင်းရွှေ့ရပြီး ရုံးချင်းမတူတော့ပြီမို့ သူနှင့်ကျွန်မ အနေဝေးသွားကြသည်။ မကြာခဏဖုန်းဆက်ဖြစ်သော်လည်း လူချင်းသိပ်မတွေ့ဖြစ်တော့ပေ။

သူတို့ မင်္ဂလာဖိတ်စာလာပို့သည့်နေ့ကလည်း ကျွန်မ အိမ်တွင်မရှိ။ အမေနှင့်သာ သူတို့တွေ့သွားကြသည်။ သူတို့မင်္ဂလာဆောင်ကို သမ္မတဟိုတယ်တွင် ကျင်းပသည်။ မင်္ဂလာဆောင်အခမ်းအနားများသွားရန် အလွန်ဝန်လေးသောကျွန်မသည် သူငယ်ချင်းအရင်းခေါက်ခေါက်၏ မင်္ဂလာဆောင်ကိုတော့ ရောက်အောင်သွားခဲ့သည်။

သတို့သမီးဝတ်စုံနှင့် အလှကြီးလှနေသော မေကျော့ကိုကြည့်ပြီး ကျွန်မ သဘောကျမိသည်။ အားကျသည်တော့မဟုတ်ပါ။

❖ ကံအားလျော်စွာ ၁၀ ကြိမ်မြောက်ဖြေဆိုသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးစာမေးပွဲတွင် ကျွန်မ ရေးဖြေရော နှုတ်ဖြေပါ အောင်မြင်သဖြင့် ယခုလက်ရှိအလုပ်ကို ရခဲ့သည်။ ပြောရလျှင် မေကျော့ပေးသော အကြံအတိုင်းဆောင်ရွက်ခဲ့သောကြောင့် အငယ်တန်းစာရေးဝန်ထမ်းမှ ချက်ချင်းအရာရှိဖြစ်ကာ ဘဝတစ်ဆင့်မြင့်ခဲ့ခြင်းဖြစ်သည်။ အကြံကောင်း၊ ဉာဏ်ကောင်းပေးသော မေကျော့ကတော့ မအောင်သေး။ သို့သော် သူက စိတ်မပျက်။ စိတ်မပျက်ရုံမက ပျော်၍ပင်နေသေးသည်။ ပျော်သည်လေ။ ရုံးသို့ အသစ်ပြောင်းလာသော အရာရှိငယ်တစ်ဦးနှင့် ချစ်ရည်တူနှစ်ကိုယ်မျှနေပြီ မဟုတ်လား။ ❖

သူတို့ လက်ထပ်ပြီး တစ်လခန့်အကြာ တနင်္ဂနွေနေ့တစ်နေ့တွင် မေကျော့ ကျွန်မအိမ်ကိုရောက်လာသည်။ သူ့ခင်ပွန်း နယ်ကို ခရီးထွက်သွားသဖြင့် အားလပ်နေ၍လည်းကောင်း၊ ကျွန်မကိုလည်း သတိရလွမ်းဆွတ်သောကြောင့် လည်းကောင်း အလည်လာသည်။

သူ အိမ်ထောင်ကျပြီးခါမှ အသားအရေများ စိုပြည်ပြည့်တင်းကာ ပို၍ပင် လှနေသေးသည်။ မျက်နှာကလည်း ပြုံးရွှင်ကြည်လင်နေသည်။

ထိုနေ့က စားလိုက်၊ သောက်လိုက်နှင့် အိမ်တွင် တစ်နေ့လုံး သူနေသွားသည်။

"စိမ်းရယ် နင်လဲ မငယ်တော့ဘူးနော်။ နှစ်ဆယ်ကျော် အစိတ်ပိုင်းဆိုတာ အရွယ်တော် တစ်ဆိတ်ဟိုင်းသတဲ့။ အဟိုင်းတော့မခံနဲ့ဟ။ လူ့ဘဝဆိုတာ သူ့အသက်အရွယ်အပိုင်းအခြားနဲ့သူ လုပ်သင့်လုပ်ထိုက်တာလုပ်သွားရမှာပဲ။ ပညာရှာတဲ့အရွယ် ပညာရှာ၊ ဥစ္စာရှာတဲ့အရွယ် ဥစ္စာရှာ၊ အဲ… အိမ်ထောင်ပြုရမဲ့အရွယ်ကျရင်လဲ အိမ်ထောင်ပြု စသဖြင့်ပေါ့။ ဒါနဲ့ နေပါအုံး။ ကိုသက်ကြည်ကြီးက ရုပ်ရည်ကော၊ ပညာကော၊ ပစ္စည်းဥစ္စာကော အကုန်ပြည့်စုံနေတာ။ ရာထူးဆိုလဲ နင်နဲ့အဆင့်တူ။ နောက် နင့်ကိုလဲ တကယ်ချစ်ရှာတာပါဟယ်။ အဲဒါ ဘာငြင်းစရာရှိလို့ ငြင်းလိုက်တာလဲ။ ငါ့ကိုပြောစမ်း"

"ဘာရယ်ညာရယ်မဟုတ်ပါဘူး ကျော့ရယ်။ ငါက အိမ်ထောင်ကို မပြုချင်တာ။ အိမ်ထောင်ပြုရမှာကြောက်တယ်"

"အဲဒါ နင် အိမ်ထောင်အရသာမသိသေးလို့ပါ။ ဟဲ့ ဟဲ့ မျက်နှာကြီးနီမသွားနဲ့လေ။ ငါရိုးရိုးသားသားပြောတာ။ အိမ်ထောင်ရှင်ဘဝက သိပ်ကြည်နူးစရာကောင်းတာဟဲ့။ ကိုယ်က အလုပ်က ဘယ်လိုပဲ ပင်ပန်းလာ ပင်ပန်းလာ၊ ဟော… ကိုယ့်ယောက်ျားမျက်နှာမြင်ရရင်အမောကိုပြေရော။ တကယ်တကယ်ပိုပြောတာမဟုတ်ဘူး။ တစ်ယောက်နေမကောင်းရင် တစ်ယောက်ကပြုစု။ အခက်အခဲအကျပ်အတည်းတွေ့ရင် ခေါင်းချင်းဆိုင်တိုင်ပင်။ အတူတူဖြေရှင်း။ အိမ်ထောင်ရှင်ဖြစ်တာနဲ့ မိန်းမတစ်ယောက်ရဲ့ဘဝဟာ အလိုလိုလုံခြုံသွားရော၊ သိလား"

ထိုနေ့က တစ်နေ့လုံးပဲဆိုပါတော့။ ကျွန်မကို အိမ်ထောင်ပြုရန် သူစည်းရုံးနားချသွားသည်။ သူ အပြောကောင်းသဖြင့် ကျွန်မမှာ ကိုသက်ကြည်ကြီးကို ဘွာခတ်ပြီးပြန်လက်ခံရတော့မလိုလို။ လောလောဆယ် ချဉ်းကပ်နေသော ဗိုလ်ကြီးလှမြင့်တို့၊ ကိုတင်အောင်ဆင့်တို့ကိုပဲ စဉ်းစားရတော့မလိုလို။

မေကျော့ အိမ်ထောင်ကျပြီး တစ်နှစ်ကျော်ကျော်လောက်တွင် သူ သားဦးလေးရသည်။

သူမီးဖွားသည့်အချိန်တွင် ကျွန်မ သူ့အနား၌ရှိမနေခဲ့။ ကျွန်မ ဂျပန်သို့ ရက်တိုသင်တန်းတစ်ခုကို သွားတက်နေရခြင်းကြောင့်ဖြစ်သည်။

သူ့ကလေး တစ်လလောက်ရမှ ကျွန်မ မြန်မာပြည်ပြန်ရောက်သည်။ ရောက်ရောက်ချင်းပဲ ကလေးအတွက် လက်ဆောင်တချို့နှင့်အတူ ကျွန်မသူ့ကို သွားတွေ့သည်။

ကျွန်မရောက်သွားသည်နှင့် ရှည်လျားလှသော ညည်းချင်းကြီးကို သူ ညည်းပြပါလေသည်။

ဆက်လက်ဖော်ပြပါမည်။

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံသီးနှံ ၁၄၂၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံသီးနှံ ၁၄၂၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၈၂၆၃၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သောပဲမျိုးစုံသီးနှံ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ပဲမျိုးစုံသီးနှံ ၁၄၂၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲမျိုးစုံသီးနှံ ၈၂၆၃၇ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲမျိုးစုံကို အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၄၂၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲဖို့၊ ပိုးမွှားရောဂါကင်းရှင်းစေဖို့စတဲ့တောင်သူအသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၇၂ ဧက၊ ပဲကြီး ၄၆၇၅ ဧက၊ ပဲကြား ၁၈ ဧက၊ စားတော်ပဲ ဧက ၃၄၈၀၊ ကုလားပဲ ဧက ၆၂၂၀၊ ပဲလွမ်း ၂၁၇၃ ဧက၊ ပဲနောက် ၂၇၆ ဧက၊ ပဲယဉ်း ၁၁၄ ဧက၊ ထောပတ်ပဲ ဧက ၉၅၈၀၊ အခြားပဲ ၁၂၉ ဧက စုစုပေါင်းပဲမျိုးစုံသီးနှံ ၈၂၆၃၇ ဧကဖြစ်ပြီး ပဲမျိုးစုံရိတ်သိမ်းပြီးစီးမှုအနေဖြင့် မတ်ပဲ ၇၂ ဧက၊ ပဲလွမ်း ၁၁၅၂ ဧက၊ ပဲကြား ၁၂ ဧက၊ ပဲနောက်ဧက ၁၉၀ စုစုပေါင်း ၁၄၂၆ ဧကဖြစ်ကြောင်း သိရသည်။

ပဲမျိုးစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲမျိုးစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျားပျံဆန်က ဆန်ချောအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်တာတွေ ရှိပါတယ်" ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပြည်မြို့နယ် သာစည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြည် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သာစည်ကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရေးဦးစွာ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၂၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သာစည်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

## နွေဂိမှာန်အလှ သဘာဝ

\- ပေါက်လဲပန်းတို့ ပွင့်ချိန်အလှ
နီရဲမြ ပင်လုံးမြိုင်၊
ဆောင်းအကုန် နွေအကူး
ထူးတဲ့ဂနိုင်၊
ရွက်ဝါတို့ ကြွေကာတိုင်
ရွက်နုလှိုင် ပုရစ်ဖူး၊
ဆက်ရက်ညံ လက်ပံတော
သာမောနွေဦး။

\- မန်ကျည်းရွက်ဖူးတို့ ထွက်ပြူစ
တမာပန်းက ရနံ့ကြိုင်၊
ဥသြငှက် သံချိုတေး
ဆွေးသမှိုင်မှိုင်၊
ညို့ညို့ဆိုင်းတဲ့ ကုက္ကိုမြိုင်
စီရီလှိုင် စိတ်ကြည်နူး၊
ထုံးစေတီ ရှင်တော်မြတ်
ဖူးကပ်လို့ဦး။

\- ထန်းပင်ထန်းတော လွန်စွာပေါတဲ့
တောအရပ်က နွေပန်းချီ၊
ရိုးတံကျန် နွေအလှ
စာသမီ၊
သဲသောင်ထွန်းတဲ့ မြစ်နဒီ
ကိုင်းရာသီ မြင်ကွင်းအလှ၊
တံငါလှေ စုန်ဆန်မျော
လွမ်းမောပေစွ။ ။

**ဇင်မင်းစိုး (ဗိုလ်ကလေး)**

# သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုဆိုးရင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းနှင့် တာဝန်ရှိသူများက မုဆိုးရင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သိန်း ၃၀ ဖြင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းအဖွဲ့ဝင်များ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မုဆိုးရင်ကျေးရွာ၌ ဝက်မွေးမြူရေးနှင့် ဒေသနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် သိန်း ၃၀ ထုတ်ချေးပေးထားကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဆက်လှ**

# အရူးအမူး

**ဆူးသစ်**

ဟဲဗီးရော့ခ် အဆိုတော်လေးဖြူကို အရူးအမူး ကြိုက်နှစ်သက်သော လူငယ်တစ်ယောက်အကြောင်း ကျွန်တော်ကြားဖူးထားသည်။ အရွယ်က ဆယ်ကျော်သက်။ သူအကြိုက်ဆုံး အဆိုတော်က ဟဲဗီးရော့ခ် အဆိုတော် လေးဖြူ။

သူက လေးဖြူကို မည်မျှနှစ်သက်သနည်းဆိုလျှင် လေးဖြူပုံကို ပန်းပုရုပ်တုတစ်ခုထုပြီး အိမ်မှာထားရန် ကြိုးစားသည်။ အိမ်က လူကြီးများသိသွားပြီး ထိုလူငယ်ကို လေးဖြူ ပန်းပုရုပ်အိမ်ပေါ်ယူလာသည့်နေ့ အိမ်ပေါ်ကဆင်းရမည်ဟုဆိုသည်။ လူငယ် အကျပ်တွေ့သွားသည်။ ထို့နောက် သူ့စိတ်ကလုပ်ချင်နေသော အရာတစ်ခုကို အခြားအရာတစ်ခုဖြင့် အစားထိုးဖြေသိမ့်လိုက်သည်။ ပန်းပုရုပ်တု မထုနိုင်တော့ဘဲ လေးဖြူပုံတူ ခဲပန်းချီသွားအပ်ကာ အိမ်က နံရံမှာ ကပ်ထားလိုက်သည်။ သည်လောက်တော့ မိဘများက ခွင့်ပြုသည်ထင်၏။

တစ်ဖန် နောက်ထပ်လူငယ်တစ်ဦးကလည်း လေးဖြူပရိသတ်ပင်ဖြစ်ရာ သူနှင့် သူ့သူငယ်ချင်းများ အားလုံးကလည်း လေးဖြူမှလေးဖြူ။ သူတို့ အရူးအမူးကြိုက်နှစ်သက်ပုံကတစ်မျိုး။

လေးဖြူအခွေထွက်တိုင်းဝယ်သည်။ သီချင်းစာအုပ်ပါဝယ်သည်။ အားလုံးက ပိုက်ဆံရှိသူချည်း ဖြစ်၍ ထွက်တိုင်းလည်းဝယ်နိုင်ကြသည်။ အကယ်၍ ထွက်ပြီးပြီးချင်း နားမထောင်ရသေးလျှင် ထိုသူကို ခေတ်နောက်ကျသူ၊ ခေတ်မမီသူဟုဆိုသည်။ နားထောင်ပြီးလျှင် သူတို့အားလုံးက ထင်မြင်ချက်ပေးသည်။ သို့သော် အားလုံးကတော့ ကောင်းတယ်၊ ကြိုက်တယ်ဆိုတာအပြင် ဘာမျှမထွက်ပေ။

ပြီးတော့ လေးဖြူခွေထွက်ပြီးမှ သိပ်နားမထောင်ဖြစ်သေးသော သို့မဟုတ် သိပ်မကြားရသေးသော နေရာများ၊ လက်ဖက်ရည်ဆိုင်များရှိလျှင် သူတို့က နီးစပ်ရာလူများမှတစ်ဆင့် ထိုအခွေ ဘယ်လောက်ကောင်းကြောင်း၊ ဘယ်သီချင်းကို ဘယ်လိုဆိုထားကြောင်း၊ ဘယ်နေရာမှာ ဘယ်လိုတီးထားကြောင်း၊ ထိုနေရာများမှာ လေးဖြူအခွေ ဖွင့် ဖွင့်အောင်၊ ဖွင့်လျှင်ပင် ထပ်တလဲလဲဖွင့်အောင် အခမဲ့ကြော်ငြာသည့်သဘောနှင့်လုပ်တတ်ကြောင်း ပြောပြရာ ကျွန်တော်မှာ ပါးစပ်အဟောင်းသားနှင့် နားထောင်ရပါတော့သည်။

ကျွန်တော်လည်း လေးဖြူကို ပေါ်စကတည်းက ကြိုက်ခဲ့သည်။ သည်နေ့ထိလည်း လေးဖြူအခွေထွက်သမျှ နားထောင်နေတုန်း။ ဝယ်သိမ်းသည့် အခွေသိမ်းသည်။ ငှားနားထောင်သည်ကို နားထောင်သည်။ သီချင်းစာအုပ်လည်းဝယ်သည်။ ဤသည်ကို ကျွန်တော်က လေးဖြူအရူးအမူးဟု ထင်ခဲ့သည်။ အထက်ကဆိုခဲ့သော လူငယ်များနှင့်တွေ့မှပင် ကျွန်တော့်အရူးအမူးသည် တကယ့်အရူးအမူး မဟုတ်။ သူတို့ အရူးအမူးကမှ တကယ့်အရူးအမူးပင်။

ဂီတကိုရူးသွပ်သောလူငယ်များက အဆိုတော်နှင့်ပတ်သက်၍ ရူးရူးမူးမူး ခံစားကြသည်မှာ ဘာကြောင့်နည်း။ အမှန်က သူ့ဂီတ၊ သူ့အနုပညာ၊ သူ့အသံကို လွန်စွာ ကြိုက်နှစ်သက်ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ခန္ဓာကိုယ်တွင်းသို့ စီးဝင်လာအောင် ဝင်စားမှုတစ်ခုအဆင့်ထိတက်လာကာ သူ့ကို မြင်ချင်၊ သူ့အသံကို ကြားချင်ဖြစ်လာသည်။ ချစ်ခြင်းမဟုတ်၊ မိမိတွင်မရှိသော အရာတစ်ခု၊ မိမိမလုပ်နိုင်သောအရာတစ်ခုကို သူ့ဆီမှာ တွေ့နေ၊ မြင်နေ၊ ကြားနေရ၍ သူ့လိုဖြစ်ချင်စိတ်နှင့် သူ့ပါရမီကို ချီးမြှောက်လိုမှု သက်သက်ဖြစ်သည်။

ဤအရာမှာ သဘာဝကျသည်။ ပုထုဇဉ်လူသားအဖို့ သည်လိုခံစားမှုများကို ရှောင်၍မရ။ ကျွန်တော်တို့ဆီမှာသာမဟုတ် နိုင်ငံရပ်ခြားတွင်လည်း ဂီတနှင့်ပတ်သက်လျှင် အရူးအမူးအများကြီး။ ဘွန်ဂျိုဗီ သီချင်းနားထောင်၍ မျက်ရည်ကျပြီး မိမိဆံပင် မိမိဆောင့်ဆွဲကာ ပေါက်ကွဲသူများရှိသည်။ မိုက်ကယ်ဂျက်ဆင်သီချင်းနားထောင်ပြီး ဆူညံစွာ အော်ဟစ်ပေါက်ကွဲသူများရှိသည်။

ဂီတကို အရူးအမူးဖြစ်သည်နှင့် ပတ်သက်၍ ကောင်းကျိုးရှိသကဲ့သို့ ဆိုးကျိုးလည်းရှိသည်။ ဂီတကို ဂီတလိုခံစားတတ်မှသာ ထိုအရာများကထိရောက်ပါလိမ့်မည်။ ကျွန်တော်လည်း လူငယ်တစ်ယောက်ဖြစ်၍ ဟဲဗီးရော့ခ်များသိပ်ကြိုက်သည်။ ရင်ထဲတွင် သောကများ၊ စိတ်ညစ်စရာများနှင့် ပြည့်သိပ်မွန်းကျပ်နေလျှင် ပေ့ါသီချင်းများ နားထောင်၍မရ၊ ပို၍ စိတ်ညစ်တတ်သည့် သဘောရှိသည်။ ဟဲဗီးရော့ခ်များနားထောင်လိုက်မှ ရင်ထဲကခံစားမှုများ ပေါက်ကွဲလွင့်ထွက်ကုန်ကာ ရင်တစ်ခုလုံး ရှင်းလင်းပေ့ါပါးသွားသလိုပင်။

သို့သော် ကျွန်တော်တို့ ရင်ထဲကခံစားမှုကို ဖွင့်ထုတ်ခြင်းသည် ခံရိုက်ချိုးရန်၊ အသံကုန်အော်ရန်၊ လူများစိတ်ညစ်အောင်လုပ်ရန် မဟုတ်အောင်တော့ သတိနှင့်ထိန်းရန်လိုပါသည်။

ဤသည်ကိုနားမလည်ဘဲ လူကြီးများနားမှာ ကက်ဆက်များ ဝုန်းဒိုင်းကျဲဖွင့်လာသောအခါ လူငယ်များ၏ ထိုသီချင်းမျိုးများကို လူကြီးများက လုံးဝလက်မခံနိုင်တော့ပေ။ လူငယ်များနားလည်ရန် တစ်ခုမှာ မိမိကြိုက်၍ နှစ်သက်သောအရာတစ်ခုအတွက် မိမိဘာသာ စိတ်ကြိုက်ရူးသွပ်ခွင့်ရှိသည်။ သို့သော် မိမိနှင့်သက်ဆိုင်ရာ ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်းများတွင် နစ်နာမှုမရှိစေရန် စဉ်းစားရပါမည်။

ဤဆောင်းပါးအစတွင်ဆိုခဲ့သော လူငယ်က လေးဖြူရုပ်တုထုပြီး အိမ်မှာထားချင်သည်ကို သူ့မိဘများ လက်မခံခြင်းမှာ လူကြီးများအနေဖြင့် သူတို့သားသမီးတစ်ယောက်က အဆိုတော်တစ်ယောက်၏ ရုပ်တုကို အိမ်ပေါ်တင်ထားခြင်းသည် ရှက်စရာဟု ထင်မြင်၍ဖြစ်သည်။

ထိုလူကြီးများက သူတို့သားသမီးကို သည်အဆိုတော်အခွေနားမထောင်ရ၊ သီချင်းစာအုပ်မဝယ်ရ တားမြစ်ခြင်းမဟုတ်။ ကြိုက်နှစ်သက်၍ အားပေးချင်လျှင် အားပေးရန်၊ လွန်လွန်ကျွံကျွံမဖြစ်စေရန် သဘောမျိုးဖြင့် တားမြစ်ခြင်းဖြစ်သည်ဟု ကျွန်တော် နားလည်သည်။ ထို့ကြောင့်လည်း ခဲပန်းချီအပ်သောအခါ ဘာမျှမပြောဘဲ ပုံကပ်သောအခါ ခွင့်ပြုခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

သည်တော့ လူငယ်များ တွေးတောစရာတစ်ခု လိုလာပါပြီ။ မိမိလုပ်ချင်သော အခွင့်အလမ်းများကို လူကြီးများက တားမြစ်ခြင်းမှာ သဘာဝမကျ၍လား၊ မမှန်၍လားဆိုသည်ကို မိမိဘာသာ သုံးသပ်ရန်ဖြစ်သည်။ လူကြီးများက လူငယ်များအတွက် အရူးအမူးဖြစ်ခွင့်၊ လွတ်လပ်ခွင့်အားလုံး ပေးထားပြီးဖြစ်သည်။

ထို့ကြောင့် လူငယ်များက အပြန်အလှန်လေးစားမှုဖြင့် မိမိတို့၏ အရူးအမူးကိစ္စများကို ဆင်ခြင်သင့်လျှင် ဆင်ခြင်ကြရန်ရှိပါတော့သည်။

အိမ်မှာ ကက်ဆက်ကို ဝုန်းဒိုင်းကျဲဖွင့်ခွင့်ပေးထား၍ မိမိကြိုက်နှစ်သက်ရာ ဟဲဗီးရော့ခ်သီချင်းများ ဖွင့်မည်ဆိုပြီး အိမ်အနားမှာ လူမမာရှိချိန်၊ မိမိမိသားစုထဲမှာ လူကြီးများအိပ်ပျော်နေချိန် ဆူဆူညံညံလုပ်လျှင် သို့မဟုတ် အင်မတန် တိတ်ဆိတ်ပါသည်ဆိုသော ရပ်ကွက်မျိုး ထဲမှာ အသံကုန်အော်ဟစ်ကာ ဂီတာတီးသီချင်းဆိုနေလျှင် မိမိတို့၏အရူးအမူးမှာ သင့်တော်ပါမည်လား။ ဒါလေးများကိုတော့ စဉ်းစားစေချင်သည်။

**❖ ကောင်းကျိုးပေးသည်ဆိုသောအရာများပင် အရူးအမူးလုပ်လျှင် ဒုက္ခဖြစ်တတ်သေးလျှင် ဆိုးကျိုးပေးသောအရာများကို အရူးအမူးလုပ်ပြီဆိုလျှင်ဖြင့် ပို၍ဒုက္ခရောက်ဖွယ်သာရှိတော့သည်။ သည်နေ့ခေတ်လူငယ်များအတွက် အရူးအမူးဖြစ်စရာများ များလှသည်။ လောင်းကစား၊ မူးယစ်ဆေးကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် အရူးအမူးဖြစ်တတ်သော ကိစ္စများလည်း များစွာရှိသည်။ သို့သော် သူများအရူးအမူးဖြစ်တိုင်း ကိုယ်ကလိုက်ပြီး အရူးအမူးဖြစ်စရာ မလိုပေ။ ❖**

ဆရာကြီးပီမိုးနင်းက လူဖြစ်နည်းနှင့် တက်လမ်း စာအုပ်မှာ "လူသည် စိတ်အလိုကိုလိုက်ချင်၏။ လုပ်ချင်သည့်အရာကို မလုပ်ရသည့်အခါ ဒုက္ခဆင်းရဲခြင်းဖြစ်၏။ စိတ်အလိုကို လွန်စွာလိုက်သောအခါ၌လည်း ဒုက္ခပိုမို၍ကြီးလေသည်။ စိတ်အလိုကိုမလိုက်ဘဲနေရသောအခါ၌လည်း ဒုက္ခဖြစ်၏။ သို့ဖြစ်လေရာ စိတ်အလိုကို လွန်စွာမလိုက်အပ် တော်သင့်ရုံမျှလိုက်ကြရမည်"ဟု ဆိုထားသည်။

မှန်ပါသည်။ မိမိလုပ်ချင်သောအရာကို မလုပ်ရလျှင် စိတ်ဒုက္ခရောက်၍လုပ်တော့လုပ်ပါ။ ထိန်းထိန်းသိမ်းသိမ်းလုပ်ပါဟု ဆိုခြင်းဖြစ်သည်။ ကျွန်တော် အထက်ကဆိုခဲ့သော လူငယ်များ၏ လုပ်ရပ်ကို ကြည့်လျှင်ပင် မိမိလုပ်ချင်သည်များကို ထိန်းထိန်းသိမ်းသိမ်းလုပ်ရင်း သူတို့၏ စိတ်ကျေနပ်မှုကိုပါ ရယူသွားသည်ကို တွေ့ရပါလိမ့်မည်။

ထပ်မံ၍ ချဲ့ထွင်စဉ်းစားကြည့်လိုက်လျှင် ဂီတတစ်ခုတည်းမှာသာမဟုတ် ကျန်ကိစ္စရပ်များတွင်ပါ အရူးအမူးဆိုသောကိစ္စသည် လူတိုင်း ထိန်းထိန်းသိမ်းသိမ်း လုပ်အပ်သောအရာဆိုသည်ကို တွေ့မြင်လာရပေမည်။

ကောင်းကျိုးများသည်ဆိုသော အရာများကို စတင်စဉ်းစားကြည့်ပါ။ အချို့ကျောင်းစာတွင် ကျောင်းစာကို အရူးအမူးဖြစ်သူများရှိပါသည်။ ထိုသူတို့ကိုလေ့လာကြည့်လျှင် ကျန်းမာရေးလည်း မလိုက်စားတတ်ရာ တက္ကသိုလ်အဆင့်ရောက်ချိန်တွင် ပါဝါမျက်မှန်ထူပိန်းပိန်း၊ ခန္ဓာကိုယ်ပါးလုပ်လုပ် လူပုံက ကြောင်တောင်တောင် ဖြစ်ကုန်သည်က များပါသည်။ ကျွန်တော် လက်ရှိတက်နေသော အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ကြီးတွင်ပင် ထိုသို့ စာအရူးအမူးဖြစ်သူများထဲတွင် စိတ်လွတ်သွားသူများ မြင်တွေ့နေရပေပြီ။

ထိုသို့ဆိုလိုက်၍ စာကို အလွန်ကြိုးစားစရာ မလိုဟု ဆိုလိုခြင်းမဟုတ်ပေ။ စာကိုအချိန်နှင့် ထိန်းထိန်းသိမ်းသိမ်းလုပ်ပြီး နားသင့်သည့်အချိန်နား ကျန်းမာရေးလုပ်သင့်ချိန်လုပ်ရန် ဆိုလိုခြင်းပင်။

ကောင်းကျိုးများသည့် အရာဟုဆိုခဲ့ရခြင်းမှာ စာလုပ်ခြင်းသည် ကျောင်းသားအရွယ် လူငယ်များအတွက် အကောင်းချည်းသာမို့ ထိုသို့ဆိုလိုခြင်း ဖြစ်ပါသည်။ ဆက်၍ ချဲ့ထွင်တွေးကြည့်လိုက်ပါဦး။ ပိုက်ဆံများများရ၍ ကောင်းကျိုးများသည်ဟုဆိုရမည့် စီးပွားရေးလုပ်နေသော လုပ်ငန်းရှင်ကြီးများလည်း နေ့မအား၊ ညမအား စီးပွားကိုအရူးအမူးရှာပြီး တစ်ချိန်မှာ ကျန်းမာရေး ချို့ယွင်းသွားရခြင်းမှာလည်း အရူးအမူးဖြစ်ခြင်းကြောင့်ပင်။

ဆရာကြီးလင်းယုန်သစ်လွင်၏ ဓမ္မရက္ခိတ စာအုပ်ထဲမှ စာကိုးတစ်ခုဖြစ်သော အင်္ဂလိပ် သူတော်စင်စီစီ၏ စကားတစ်ခွန်းကို လေ့လာကြည့်ပါ။ "အစွန်းရောက်ဟူသမျှဟာအမှားချည်းပဲ။ အမှားရဲ့ပြောင်းပြန်ဟာ အမှန်မဖြစ်သေးဘူး။ အမှားပဲ ရှိနေလိမ့်ဦးမယ်။ အမှန်ဆိုတာ အစွန်းနှစ်ဖက်ကြား (မဇ္ဈိမပဋိပဒါ)ကို ဆိုလိုတာပဲဟူ၍ ဖြစ်ပါသည်။

ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရားဟောခဲ့သော အလယ်အလတ်အကျင့်တရား မဇ္ဈိမပဋိပဒါ လမ်းသွယ်နှင့် အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။

နောက်တစ်ပိုင်းက ဆိုးကျိုးပေးသည့်အရာများ အပိုင်း။ အရက်၊ ဖဲ၊ မိန်းမ၊ မူးယစ်ဆေးကို အရူးအမူး ကြိုက်နှစ်သက်သည်ဆိုသူများ တွေးကြည့်ပါ။ ကောင်းကျိုးပေးသည်ဆိုသော အရာများပင် အရူးအမူးလုပ်လျှင်၊ ဒုက္ခဖြစ်တတ်သေးလျှင် ဆိုးကျိုးပေးသောအရာများကို အရူးအမူးလုပ်ပြီဆိုလျှင်ဖြင့် ပို၍ ဒုက္ခရောက်ဖွယ်သာရှိတော့သည်။

သည်နေ့ခေတ် လူငယ်များအတွက် အရူးအမူးဖြစ်စရာများ များလှသည်။ လောင်းကစား၊ မူးယစ်ဆေးကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် အရူးအမူးဖြစ်တတ်သော ကိစ္စများလည်း များစွာရှိသည်။ သို့သော် သူများအရူးအမူးဖြစ်တိုင်း ကိုယ်ကလိုက်ပြီး အရူးအမူးဖြစ်စရာမလိုပေ။ လူတစ်ဦးနှင့်တစ်ဦး ခံစားမှုများလည်း ထပ်တူ ဘယ်တော့မျှမကျနိုင်ပေ။ ခေတ်စားသည့်အရာတစ်ခုနှင့်ပတ်သက်ပြီး တစ်စုံတစ်ယောက်က အရူးအမူးဖြစ်နေလျှင် မိမိကလိုက်မဖြစ်ရ၍ ခေတ်မမီဟုမထင်ပါနှင့်။ အရူးအမူးဖြစ်တိုင်း မကောင်းသည်ကို အထက်တွင်တင်ပြခဲ့ပြီးပါပြီ။

ဆရာဒေါက်တာသိန်းလွင် ဘာသာပြန်ထားသော "ရှေ့သို့တက်လှမ်း ဘဝအောင်ပန်း" စာအုပ်မှ မူရင်းစာအုပ်ရေးသားသူ အိုရီဆင်ဆွတ်မာဒင်က တောရိုင်းတိရစ္ဆာန်များသည် သူတို့၏ ထူးခြားစွမ်းအင်များကိုသိကြသည်။ ဝက်ဝံတစ်ကောင်သည် လေတွင် ပျံသန်းရန်မကြိုးစားပေ။ ဝိတ်ဆိုထားသော ခြံတံခါးကိုကျော်ရန် မကြိုးစားမိ။ ခြေကုန်လက်ပန်းကျနေသော မြင်းတစ်ကောင်သည် သေသေချာချာ ချင့်ချိန်စဉ်းစားသည်။ ကျယ်ပြန့်နက်ရှိုင်းသောတွင်းကြီးကို တွေ့ရသောခွေးသည် သဘာဝအသိဖြင့် ဘေးလွတ်ရာသို့ ရှောင်သွားသည်။ မိုက်မိုက်မဲမဲ စိတ်ရူးပေါက်ပြီး သဘာဝကို ဆန့်ကျင်လုပ်တတ်သောသတ္တဝါမှာ လူသားသာဖြစ်သည်ကို ကျွန်တော်တို့တွေ့ရပါသည်ဟု ဆိုထားသည်။

သည်နေ့ ကျွန်တော်တို့နိုင်ငံတွင်ရှိနေသော လူငယ်များ ဘယ်ကိစ္စမဆို အရူးအမူးဖြစ်ကြပါနှင့်ဟု တား၍မရနိုင်ပေ။ ခံစားမှုနှင့်လူသားမို့ အရူးအမူးဖြစ်လာလျှင် မတားနိုင်သော်လည်း အရူးအမူးဖြစ်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးကို ဝေဖန်တတ်ရန် လိုသည်ကိုတော့ သိစေချင်သည်။

မိမိစွဲလမ်းနှစ်သက်ရာ အရာတစ်ခုအတွက် အရူးအမူးခံစားမှုတစ်ခုက ပိုင်းခြားသုံးသပ်တတ်လာပြီဆိုလျှင်ဖြင့် မိမိဘာသာ ထိန်းသိမ်းလာနိုင်မည်ဖြစ်သလို ရှေ့ခရီးတွင်လည်း အကျိုးရှိသောဖြစ်ထွန်းမှုများ ပိုမိုများပြားလာမည်မှာ အမှန်ပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၁၅၂၉၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၁၅၂၉၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၆၉၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၂၉၁ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ကုလားပဲ ၂၆၉၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေထွက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဧယာဆန်က စားကောင်းတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဧယာဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်" ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဧယာဆန်တစ်အိတ်လျှင် ငွေကျပ် ၈၈၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဧယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသဖြင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် ခက်တန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ခက်တန်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခက်တန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ရန်ပုံငွေ သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**



# အုတ်တွင်းမြို့နယ် ဘုန်းကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**အုတ်တွင်း ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆီဆုံကုန်းကျေးရွာအုပ်စု ဘုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်းလမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဘုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဘုန်းကျေးရွာ၌ လမ်းအရှည် ပေ ၁၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရ ငွေကျပ် ၁၄ ဒသမ ၆၈ သန်းဖြင့် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် မေ ၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ဘုန်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

# အနာဂတ်ပဋိပက္ခများနှင့် ဒရုန်းများ၏ အခန်းကဏ္ဍ

ယူကရိန်း-ရုရှားပဋိပက္ခကာလ လေးနှစ် နီးပါး ကြာမြင့်ပြီးနောက် ရုရှား၏ နည်းပညာပိုင်းဆိုင်ရာ မဟာမိတ်များသည် အနာဂတ်စစ်ပွဲအပြင် နိုင်ငံတကာလုံခြုံရေး အခြေခံအုတ်မြစ်ကိုလည်း ပြန်လည် ပုံဖော်တည်ဆောက်လျက်ရှိကြောင်းကို သိသိသာသာ မြင်တွေ့လာနေရပြီဖြစ်သည်။ စစ်မြေပြင်၌ ခြိမ်းခြောက်မှုများသည် ကြည်းတပ်ရှိ တင့်ကားများနှင့် ဒုံးကျည်များအပေါ်တွင်သာ မူတည်နေခြင်း မရှိတော့ဘဲ ဒရုန်းများတွင် နည်းပညာအဆင့်မြှင့် တိုးတက်လာမှုနှင့် အဆင့်မြင့် ရေဒါကြားဖြတ်မှု နည်းပညာများသည် ဟန့်တားမှု၊ ကာကွယ်မှုနှင့် လုံခြုံရေးဆိုင်ရာ ဗိသုကာပုံစံအယူအဆများကို ပွံ့ပိုးပြုလျက်ရှိကြောင်းကို ယူကရိန်းပဋိပက္ခ၌ သက်သေပြသလျက်ရှိသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံအနေဖြင့် ဒရုန်းထုတ်လုပ်မှုတွင် ပံ့ပိုးပေးနိုင်သောကြောင့် ရုရှားနိုင်ငံ၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို အလျင်အမြန် ပြောင်းလဲတိုးတက်လာစေလျက်ရှိသည်။ ထိုသို့ ပြောင်းလဲတိုးတက်လာမှုသည် ယူကရိန်းကို ပံ့ပိုးပေးနေသော အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များအတွက် အန္တရာယ်ရှိလာသည့်အပြင် အနာဂတ်တွင် NATO အဖွဲ့၏ အရှေ့ဘက်နှင့် အာရှ-ပစိဖိတ်တစ်ဝန်း၌ ပဋိပက္ခများဖြစ်ပေါ်လာနိုင်သည့် အရိပ်လက္ခဏာတစ်ခုလည်း ဖြစ်ပေသည်။

Shahed နှင့် Geran ဒရုန်းများ ထုတ်လုပ်ရန်အတွက် လိုအပ်သောအစိတ်အပိုင်းများကို တရုတ်နိုင်ငံက ရောင်းချပေးလျက်ရှိပြီး ၎င်းဒရုန်းများသည် တာဝေးပျံသန်းနိုင်ခြင်း၊ ကုန်ကျစရိတ် တွက်ခြေကိုက်ခြင်း၊ တိကျစွာ တိုက်ခိုက်နိုင်ခြင်းဆိုသည့် အားသာချက်များ ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် ဥရောပတိုက်ကို ကျော်လွန်ကာ အချိုးမညီ ခြိမ်းခြောက်မှု မြင့်တက်လာနေပြီဖြစ်သည်။ ထို့ပြင် ရုရှားအနေဖြင့် မြောက်ကိုရီးယားနိုင်ငံကို နည်းပညာလွှဲပြောင်းပေးခဲ့ဖွယ်ရာရှိသည့်အပြင် Shahed နှင့် Geran ဒရုန်းများ ထုတ်လုပ်ရေးအတွက် လေ့ကျင့်သင်တန်းပေးနေသည်ဆိုသော ကောလာဟလသတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

**Shahed-136 နှင့် Geran ဒရုန်းများ**

အီရန်နိုင်ငံက ထုတ်လုပ်သည့် Shahed-136 ဒရုန်းများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ယူကရိန်းကောင်းကင်ပြင်၌ တွေ့ရှိလာရပြီး သုံးနှစ်ခန့်ကြာပြီးနောက် Shahed ဒရုန်းများကို အီရန်အပြင် အခြားနိုင်ငံများတွင်လည်း တွေ့ရှိလာခဲ့သည်။ အဆိုပါဒရုန်းများကို နည်းပညာအဆင့်မြှင့်တင်မှုများ လုပ်ဆောင်ပြီးနောက် Geran-1၊ Geran-2 နှင့် Geran-3 ဒရုန်းများကို ထုတ်လုပ်လာခဲ့သည်။ တရုတ်နိုင်ငံထုတ် ဒရုန်းအစိတ်အပိုင်းများသည် ရုရှားနိုင်ငံ၏ ဒရုန်းနည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး Geran ဒရုန်းများကိုထိရောက်စွာ ထုတ်လုပ်လာနိုင်ခဲ့သည်။

Shahed နှင့် Geran ဒရုန်းများ သုတေသနပြုထုတ်လုပ်မှုတွင် တရုတ်နိုင်ငံ၏ပါဝင်မှုသည် အစိတ်အပိုင်း နှစ်ခုရှိပြီး ထုတ်လုပ်မှုတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းနှင့် အရေးပါသောနည်းပညာပိုင်းဆိုင်ရာအစိတ်အပိုင်းများကို အကန့်အသတ်မရှိပံ့ပိုးပေးခြင်းတို့ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခ၌ မည်သည့်ဘက်ကိုမျှ လက်နက်များ ပံ့ပိုးခြင်းမရှိကြောင်း ငြင်းဆိုနေစဉ်မှာပင် ရုရှားသည် Shahed ဒရုန်းများ၏ Gerbera မူကွဲဒရုန်းများကို တရုတ်နိုင်ငံနှင့်ပူးတွဲထုတ်လုပ်နေသည်ဆိုသော ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံ၌ တာဝေးဒရုန်းများထုတ်လုပ်နေသည်ဆိုသောကောလာဟလသတင်းများလည်း ထွက်ပေါ်ခဲ့သည်။ ရုရှား၏ ဒရုန်းစစ်ဆင်ရေးကို တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုသည် တဖြည်းဖြည်းမြင့်တက်လာလျက်ရှိပြီး တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ရုရှားနိုင်ငံ၏ ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီများတွင် အစုရှယ်ယာများ ရင်းနှီးမြှုပ်နှံ ထားရှိသည်။

**တရုတ်အထောက်အကူပြုနည်းပညာ အဆင့်မြှင့်တင်မှုများ**

စင်စစ်အားဖြင့် တရုတ်နိုင်ငံထုတ် ဒရုန်းအစိတ်အပိုင်းများသည် များစွာအထောက်အကူပြုလျက်ရှိသည်။ ရုရှားနိုင်ငံသည် Shahed နှင့် Geran ဒရုန်းများကို လှုပ်ရှားမှုနှင့်ထိန်းချုပ်မှု၊ ကြားဖြတ်



အီရန်နိုင်ငံထုတ် Geran ဒရုန်းကို တွေ့ရစဉ်။

နှောင့်ယှက်မှုအား ခုခံမှုနှင့်နည်းဗျူဟာမြောက်လုပ်ဆောင်နိုင်မှုဆိုသည့် နယ်ပယ်သုံးခုကို အဆင့်မြှင့်တင်တည်ဆောက်ခဲ့ကြောင်း ယူကရိန်းဒရုန်းကျွမ်းကျင်ပညာရှင်များက ကောက်ချက်ချထားသည်။ အဆိုပါအဆင့်မြှင့်တင်မှုများနှင့်အတူ ရုရှားနိုင်ငံသည် အချိုးမညီနည်းဗျူဟာအသစ်ကို စမ်းသပ်လျက်ရှိရာ ယူကရိန်း လေကြောင်းရန်ကာကွယ်ရေးအတွက် ခြိမ်းခြောက်မှု မြင့်တက်လာစေလျက်ရှိပြီး အနာဂတ်တွင် အခြားနေရာများ၌လည်း အသုံးပြုလာနိုင်သည်။

ရုရှား၏ ဒရုန်းများသည် ယူကရိန်း၏ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ရာတွင် အောင်မြင်မှုများရရှိလျက်ရှိသည်။ လက်ရှိအချိန်၌ Geran ဒရုန်းများသည် အီလက်ထရွန်နစ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုက်ခိုက်မှုများခံနေရသည့်တိုင်အောင် အုပ်စုဖွဲ့ပျံသန်းနိုင်သောကြောင့် အချက်အလက်မျှဝေခြင်းနှင့် ချိတ်ဆက်မှုများကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ၎င်းဒရုန်းများသည် ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ခုခံနိုင်စွမ်းတို့ကို တိုးမြှင့်နိုင်စေမည်ဖြစ်သည်။

တရုတ်နိုင်ငံထုတ် 16-node CRPA အင်တာနာများသည် ကြားဖြတ်နှောင့်ယှက်မှုများမြင့်မားသည့် ဝေဟင်၌ ဒရုန်း၏ အီလက်ထရွန်နစ်စစ်ဆင်မှုဆိုင်ရာကြံ့ကြံ့ခံနိုင်မှုကို တိုးမြှင့်နိုင်စေမည်ဖြစ်သည်။ ဒရုန်း၏ ရှေ့ပိုင်းကင်မရာသည် ပစ်မှတ်ကို ရှာဖွေနိုင်ပြီး နောက်ပိုင်းရှိကင်မရာသည် ကြားဖြတ်ဟန့်တားမှုများကို ရှောင်ရှားစေနိုင်မည်ဖြစ်သည့်အတွက် Geran ကို တိုက်ခိုက်နိုင်စွမ်းနှင့် တိမ်းရှောင်နိုင်စွမ်းတို့ကို မြှင့်တင်နိုင်စေမည်ဖြစ်သည်။

တရုတ်နိုင်ငံထုတ်လုပ် ပစ္စည်းအစိတ်အပိုင်းများသည် Geran ဒရုန်း၏ လှုပ်ရှားစစ်ကစားနိုင်မှုနှင့် ထိန်းချုပ်နိုင်စွမ်းတို့ကို မြင့်မားစေမည်ဖြစ်သောကြောင့် နည်းဗျူဟာမြောက်နှင့် အချိုးမညီ အသုံးချနိုင်စွမ်း ရှိစေမည်ဖြစ်သည်။

**ကုန်ကျစရိတ်တွက်ခြေကိုက်ခြင်း**

Geran ဒရုန်း၏အဓိကခြိမ်းခြောက်မှုသည် ၎င်းတို့၏ကုန်ကျစရိတ်သက်သာမှုပင်ဖြစ်သည်။ Geran-2 ဒရုန်းတစ်စင်းစီ၏တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၅၀၀၀ မှ ၅၀၀၀၀ ခန့် သာရှိသည်။ သို့သော် အဆိုပါ ဒရုန်းများကို တိုက်ခိုက်ပစ်ချနိုင်ရေးအတွက် NASAMS (AIM-9X မူကွဲ) အမျိုးအစား ကြားဖြတ်ဒုံးကျည်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀၀ ခန့်နှင့် Patriot (PAC-3) ကြားဖြတ် ဒုံးကျည်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀၀၀၀ ခန့် ကုန်ကျမည်ဖြစ်သည်။

ယူကရိန်းသည် ရွေ့ပြောင်းလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များတပ်ဖြန့်ချထားပြီး ကြားဖြတ် ဒရုန်း တိုက်ခိုက်ရေးစနစ်များကို ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လျက်ရှိသည့်အချိန်တွင် ရုရှား၏ ဒရုန်းအုပ်များနှင့် တိုက်ခိုက်မှုများသည် ယူကရိန်း၏ ဒုံးကျည်များကို တဖြည်းဖြည်းအရေအတွက်လျော့နည်းလာစေလျက်ရှိသည်။ ယူကရိန်းကာကွယ်ရေးစနစ်များနှင့် အနောက်နိုင်ငံများက ထောက်ပံ့ထားသောစနစ်များသည် မူလက ဒုံးကျည်ကာကွယ်ရေးနှင့် ရန်သူ့လေယာဉ်များ၏ ခြိမ်းခြောက်မှုအတွက် ရည်မှန်းထားခဲ့သော်လည်း လက်ရှိအချိန်တွင် ဒရုန်းများ၏ခြိမ်းခြောက်မှုကြောင့် တဖြည်းဖြည်း ချည့်နဲ့လာနေပြီဖြစ်သည်။ ယူကရိန်းအနေဖြင့် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ အပါအဝင် ကြားဖြတ်တိုက်ခိုက်မှုနှင့် တန်ပြန်တိုက်ခိုက်မှု မဟာဗျူဟာများ ကျင့်သုံးလျက်ရှိသော်လည်း Shahed နှင့် Geran ဒရုန်းများသည် အဆိုပါ ကာကွယ်ရေးစနစ်များကို ထိုးဖောက်နိုင်သည့်အပြင် ရှောင်တိမ်းနိုင်မှု၊ ကြားဖြတ်ဟန့်တားနိုင်မှုနှင့် နည်းဗျူဟာမြောက် အသုံးချနိုင်မှုတို့ ပိုမိုကောင်းမွန်လာလျက်ရှိသည်။

**ဒရုန်းကျူးကျော်ဝင်ရောက်မှုနှင့် မြောက်ကိုရီးယား ဆက်နွှယ်မှုများ**

၂၀၂၅ ခုနှစ်အတွင်း ရုရှားနိုင်ငံသည် NATO လေပိုင်နက်အတွင်းသို့ ဒရုန်းဖြင့်ကျူးကျော်ဝင်ရောက်မှုများကိုလည်း လုပ်ဆောင်ခဲ့သည်။ ရုရှားနိုင်ငံသည် ပိုလန်လေပိုင်နက်သို့ ထိုးဖောက်ရာတွင် Gerbera ဒရုန်းများကို အသုံးပြုခဲ့သည်။ အဆိုပါဒရုန်းများကို ပစ်ချနိုင်ခဲ့နိုင်ခဲ့ပြီး ဒရုန်းများပစ်ချရေးအတွက် အသုံးပြုခဲ့ရသည့်ပစ္စည်းများ၏ တန်ဖိုးသည် ကြီးမားသော်လည်း ရုရှားသည် ကုန်ကျစရိတ်ပိုင်းတွင် တွက်ခြေကိုက်ခဲ့သည်။

အဆိုပါ ဒရုန်းခြိမ်းခြောက်မှုကို တုံ့ပြန်နိုင်ရေးအတွက် F-35 Joint Strike Fighter နှင့် ပိုလန်တပ်မတော်မှ F-16 ဂျက် တိုက်လေယာဉ်များကို အသုံးပြုခဲ့ရသည်ဟု ပိုလန်အာဏာပိုင်များ၏ အဆိုအရ သိရှိရသည်။ အဆိုပါ Gerbera ဒရုန်းတစ်စင်း၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ခန့်သာရှိသော်လည်း F-35 နှင့် F-16 တိုက်လေယာဉ်များ တစ်နာရီပျံသန်းမှုအတွက် ကုန်ကျစရိတ်သည် အမေရိကန် ဒေါ်လာ ၄၂၀၀၀ နှင့် ၂၄၀၀၀ စီ အသီးသီး ကုန်ကျမည်ဖြစ်သည်။ ထို့ပြင် ရုရှားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံကို Shahed နှင့်Geran ဒရုန်းနည်းပညာများ လွှဲပြောင်းပေးအပ်ခဲ့ပြီး Geran ဒရုန်းများထုတ်လုပ်မှုတွင် မြောက်ကိုရီးယားလေတပ်ဖွဲ့ဝင် ၁၂၀၀၀ ကို လေ့ကျင့်သင်တန်းပေးလျက်ရှိသည်ဆိုသော ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။ ရုရှားအနေဖြင့် ၎င်း၏မဟာမိတ်များကို နည်းပညာများ လွှဲပြောင်းပေးလျက်ရှိသဖြင့် Geran ဒရုန်းများသည် အာရှ-ပစိဖိတ်သို့ ရောက်ရှိလာပြီး ဒေသတွင်း မဟာဗျူဟာမြောက် ဟန်ချက်အပြောင်းအလဲများလည်း ဖြစ်ပေါ်လာနိုင်ပေသည်။

**ဒရုန်းထုတ်လုပ်မှုလျှော့ချနိုင်ရေး**

လက်ရှိအချိန်တွင် အမေရိကန်နှင့်မဟာမိတ်များအနေဖြင့် ဒရုန်းထုတ်လုပ်မှုများ လျှော့ချနိုင်ရေးအတွက် တရုတ်-ရုရှား ပံ့ပိုးရေးကွင်းဆက်ကို အာရုံစိုက်သွားရန်လိုအပ်သည်။ တရုတ်နိုင်ငံ၏ ကုမ္ပဏီများသည် ရုရှားနိုင်ငံကို ဒရုန်းထုတ်လုပ်ရေးအတွက် အရေးပါသော အစိတ်အပိုင်းများ ပံ့ပိုးပေးလျက်ရှိသည်။ ထို့ပြင် ရုရှားနိုင်ငံသည် တတိယနိုင်ငံများမှတစ်ဆင့်လည်း ဒရုန်းနည်းပညာများကို လက်ခံရရှိလျက်ရှိသည်။ ထို့ကြောင့် ရုရှားနိုင်ငံသည် ခေတ်မီဒရုန်းများ ဆက်လက်တည်ဆောက်ကာ ယူကရိန်းအပြင် အမေရိကန်နှင့်မဟာမိတ်များကို ဆက်လက်ခြိမ်းခြောက်နေဦးမည်ဖြစ်သည်။

**နိဂုံး**

ဆိုရလျှင် Geran ခြိမ်းခြောက်မှုသည် ပြောင်းလဲတိုးတက်လာလျက်ရှိပြီး တရုတ်နိုင်ငံပံ့ပိုးသော နည်းပညာအကူအညီများသည် ဆန်းသစ်တီထွင်မှုမြှင့်တင်နိုင်သည့်အပြင် တာဝန်ထမ်းဆောင်မှုတို့ကိုလည်း ပိုမိုတိုးချဲ့လာနိုင်မည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံကို နည်းပညာလွှဲပြောင်းပေးခြင်း အပါအဝင် ၎င်းဒရုန်းများ၏ ကုန်ကျစရိတ်တွက်ခြေကိုက်မှုသည် ဥရောပနှင့် အာရှ-ပစိဖိတ်ဒေသတို့ကို လုံခြုံရေးဆိုင်ရာဖိအားများ ဆက်လက်မြင့်တက်လာစေပြီး ရုရှား၏ အချိုးမညီစစ်ဆင်ရေး မဟာဗျူဟာကိုလည်း ပိုမိုတိုးမြှင့်လုပ်ဆောင်လာစေနိုင်မည်ဖြစ်သည်။

အထူးသဖြင့် ၂၁ ရာစု လုံခြုံရေးသည် ဥရောပဒေသကိုကျော်လွန်ကာ ခြိမ်းခြောက်လာပြီဆိုသော အချက်ပင်ဖြစ်သည်။ ထို့ကြောင့် တရုတ်-ရုရှား ပံ့ပိုးရေးကွန်ရက်ကို ရည်မှန်းဆောင်ရွက်မည့် အမေရိကန်နှင့် မဟာမိတ်များ၏ တုံ့ပြန်ရေးယန္တရားများအနေဖြင့် မဟာဗျူဟာကျကျ လုပ်ဆောင်သွားရန် လိုအပ်လာပြီဖြစ်ကြောင်း သုံးသပ် တွေ့ရှိရပါသည်။

**ကိုးကား**

**- Russia's Chinese - Enabled Drone Supply Network Is Remaking Warfare by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# လာမဲ့စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ပွဲစဉ်တွေထဲက ပြိုင်ဆိုင်မှုပြင်းထန်လာမဲ့ အေဗီလာ၊ ဘက်တစ်၊ လေဗာကူဆင်အသင်းတို့ကို အကြိုက်တွေ့မိပါတယ်

ML




ဒီတစ်ပတ် စနေနေ့မှာ ပရီးမီးယားလိဂ်ပွဲစဉ်တွေ ပြန်လည်ယှဉ်ပြိုင်ကစားလာမှုနဲ့အတူ ဥရောပအမှတ်ပေးပွဲစဉ်တွေအနေနဲ့လဲ ပုံမှန်အတိုင်း ယှဉ်ပြိုင်ကစားလာကြအုံးမှာပါ။ပြီးခဲ့တဲ့အပတ်မှာတော့ အက်ဖ်အေဖလား စတုတ္ထဆင့်ပွဲစဉ်တွေယှဉ်ပြိုင်ကစားခဲ့ကြပြီး ပရီးမီးယားလိဂ်ထိပ်သီးအသင်းတချို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့ကြတာဖြစ်လို့ အခုတစ်ပတ်အမှတ်ပေးပွဲစဉ်တွေမှာ သူတို့အသင်းတွေအနေနဲ့ ပြန်လည်အာရုံစိုက်ကစားလာနိုင်ကြမှာဖြစ်ပါတယ်။ ဒ့ါပြင် လက်ရှိကာလမှာ ဥရောပအသင်းတွေအနေနဲ့လဲ ချန်ပီယံလိဂ်၊ယူရိုပါလိဂ်၊ ကွန်ဖရန့်လိဂ်တို့လို ဥရောပပြိုင်ပွဲအရပ်ရပ်မှာ ပြိုင်ဆိုင်မှုတွေပြင်းထန်တဲ့ကာလကို ရောက်ရှိလာခဲ့တာကြောင့် ပရိသတ်တွေအနေနဲ့ အခုလိုပုံမှန်ကျင်းပနေကျဖြစ်တဲ့ ရက်သတ္တပတ်ကိုလဲ သတိထားစောင့်ကြည့်ရပါလိမ့်မယ်။ ဒီတစ်ပတ်စနေနေ့မှာ စိတ်ဝင်စားစရာပွဲစဉ်တချို့ ပါဝင်လာနေပြီး ပရီးမီးယားလိဂ်မှာဆိုရင် အေဗီလာအသင်းဟာ လိဒ်အသင်းနဲ့ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် သူတို့အသင်းအတွက် နိုင်ပွဲရယူနိုင်ဖို့ မခက်ခဲနိုင်ပေမဲ့ မန်စီးတီးအသင်းအနေနဲ့ အိမ်ကွင်းမှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ နယူးကာဆယ်အသင်းနဲ့ ဆုံတွေ့တာဖြစ်တာကြောင့် ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတဲ့သူတို့နှစ်သင်းကြား အဆင့်ရပ်တည်မှုအပြောင်းအလဲဖြစ်ပေါ်လာနိုင်မလား ဒါမှမဟုတ် အဆင့်(၁)နေရာက အာဆင်နယ်အသင်းကို ဆက်လက်ဖိအားပေးနိုင်ပါ့မလားဆိုတာလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒ့ါပြင် လက်ရှိဘောလုံးရာသီဒုတိယရာသီဝက်ကာလမှာ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်တချို့ကို ပုံမှန်အတိုင်း ရွေးချယ်ပေးလိုက်ရပါတယ်။

## အေဗီလာအသင်းပဲ အနိုင်ရသွားပါလိမ့်မယ်

ဒီတစ်ပတ်စနေနေ့မှာ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အေဗီလာနဲ့ လိဒ်အသင်းတို့ရဲ့ပွဲစဉ်ကို ပထမဆုံးရွေးချယ်ပေးချင်ပါတယ်။ သူတို့နှစ်သင်းအနေနဲ့ ပွဲစဉ်(၂၇)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပထမအကျော့ပွဲစဉ်မှာတော့ အေဗီလာအသင်းက အဝေးကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ လက်ရှိမှာလဲ အေဗီလာအသင်းအနေနဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေပြီး အဆင့်(၂)နေရာက မန်စီးတီးအသင်းနဲ့ သုံးမှတ်အကွာ၊ အဆင့်(၁)နေရာက အာဆင်နယ်အသင်းနဲ့ ၁၀ မှတ်ထိကွာဟနေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ အခုလို အိမ်ကွင်းပွဲစဉ်မှာ အဆင့်ရပ်တည်မှုကို ဆက်လက်ဖိအားပေးနိုင်ဖို့ လိဒ်လိုအသင်းကို အဘက်ဘက်က အသာစီးရယူကစားလာမှာဖြစ်ပါတယ်။ ဒ့ါပြင် အေဗီလာအသင်းဟာ ယခုနှစ်ဘောလုံးရာသီ အိမ်ကွင်းပွဲစဉ် ၁၃ ပွဲ ယှဉ်ပြိုင်ကစားအပြီးမှာ ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲသာရှုံးနိမ့်ထားတာကြောင့် အိမ်ကွင်းခြေစွမ်းပိုင်း အကောင်းဆုံးပုံစံမှာရှိနေတယ်လို့ဆိုရမှာပါ။

လိဒ်အသင်းကတော့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ သုံးပွဲမှာ နော်တင်ဟမ်အသင်းကို သုံးဂိုး တစ်ဂိုးနဲ့ အနိုင်၊ ချဲလ်ဆီးအသင်းကို နှစ်ဂိုးစီသရေ၊ အက်ဖ်အေဖလားပြိုင်ပွဲမှာ ချန်ပီယံရှစ်ကလပ် ဘာမင်ဂမ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့အနိုင်ရယူခဲ့ပြီးနောက်တစ်ဆင့်ကို တက်ရောက်သွားနိုင်ခဲ့တယ်ဆိုပေမဲ့ သူတို့အသင်းရဲ့ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိဘူးလို့ဆိုရမှာပါ။ ဒ့ါပြင် သူတို့အသင်းအနေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၂၆ ပွဲကစားအပြီးမှာ ခုနစ်ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၅)နေရာမှာ ရပ်တည်နေတာဖြစ်ပေမဲ့ လက်ရှိဘောလုံးရာသီမှာတော့ အဝေးကွင်းခြေစွမ်းပိုင်းအဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေတာကို တွေ့ရပါတယ်။ လိဒ်အသင်းဟာ အဝေးကွင်းပွဲစဉ် ၁၃ ပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး ငါးပွဲသရေ၊ ခုနစ်ပွဲထိရှုံးနိမ့်ထားသလို အသင်းရဲ့လက်ရှိခြေစွမ်းပိုင်းအနေနဲ့က အေဗီလာအသင်းကို ဖိအားပေးကစားနိုင်ဖို့ဆိုတာ ခက်ခဲနေအုံးမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းအသာရနေတဲ့ အေဗီလာအသင်းကပဲ အနိုင်ရသွားပါလိမ့်မယ်။

### အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၃ | - | ၂ | ဆဲလ်ဘတ် |
| အေဗီလာ | ၀ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘုန်းမောက် | ၁ | - | ၁ | အေဗီလာ |
| အေဗီလာ | ၁ | - | ၀ | ဘရိုက်တန် |
| အေဗီလာ | ၁ | - | ၃ | နယူးကာဆယ် |

### လိဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၁ | - | ၁ | လိဒ် |
| လိဒ် | ၀ | - | ၄ | အာဆင်နယ် |
| လိဒ် | ၃ | - | ၁ | နော်တင်ဟမ် |
| ချဲလ်ဆီး | ၂ | - | ၂ | လိဒ် |
| ဘာမင်ဂမ် | ၁ | - | ၁ | လိဒ် |

## ဘက်တစ်အသင်းကို အားပေးရမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ စပိန်လာလီဂါပွဲစဉ်(၂၅) အဖြစ် ယှဉ်ပြိုင်ကစားကြမဲ့ ဘက်တစ်နဲ့ ဗယ်လ်ကာနိုအသင်းတို့ရဲ့ပွဲစဉ်ဖြစ်ပါတယ်။ လက်ရှိမှာ ဘက်တစ်အသင်းအနေနဲ့ လာလီဂါနောက်ဆုံးသုံးပွဲဆက်အနိုင်ရထားပြီး အမှတ်ပေးဇယားမှာလဲ အဆင့်(၅)နေရာ ရပ်တည်နေပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်လို့ရနေတာကိုတွေ့ရပါတယ်။ သူတို့အသင်းဟာ စပိန်လာလီဂါပွဲစဉ် ၂၄ ပွဲယှဉ်ပြိုင်ကစားထားပြီး ၁၁ ပွဲနိုင်၊ရှစ်ပွဲသရေ၊ငါးပွဲရှုံးရလဒ်ရရှိထားတာဖြစ်လို့ အသင်းရဲ့တိုက်စစ်ပိုင်းနဲ့ ရလဒ်ပိုင်းအကောင်းဆုံးအနေအထားလို့ဆိုရမှာပါ။ ဒ့ါပြင် ဘက်တစ်အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ အေတီကို၊ ဗလင်စီယာ၊ ဗီလာရီးရဲလ်တို့လို ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတဲ့ ထိပ်သီးအသင်းတွေကို အနိုင်ရရှိထားတာကြောင့် အခုပွဲစဉ်မှာလဲ ဗယ်လ်ကာနိုအသင်းအနေနဲ့ ခံစစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေအုံးမှာပါ။

ဒ့ါပြင် လက်ရှိဘောလုံးရာသီမှာ ဗယ်လ်ကာနိုအသင်းရဲ့ခြေစွမ်းပိုင်း ကျဆင်းနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ စပိန်လာလီဂါပွဲစဉ် ၂၃ ပွဲမှာ ခြောက်ပွဲသာအနိုင်ရရှိထားပြီး တန်းဆင်းဇုန်အဆက် အဆင့်(၁၇)နေရာမှာ ရပ်တည်နေပါတယ်။ တန်းဆင်းဇုန်အတွင်း အဆင့်(၁၈)နေရာက မာယော့ကာအသင်းနဲ့ ရမှတ်ကွာဟမှု တစ်မှတ်သာရှိနေတာကြောင့်လဲ နောက်ပိုင်းပွဲစဉ်တွေမှာ သူတို့အသင်း ရလဒ်ကောင်းဖို့လိုအပ်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ အခုယှဉ်ပြိုင်ကစားရမဲ့ ဘက်တစ်အသင်းဟာ သူတို့အသင်းအထက် အဘက်ဘက်က သာလွန်နေတာကြောင့် နိုင်ပွဲရဖို့တော့ ခက်ခဲနေအုံးမှာပါ။ ဗယ်လ်ကာနိုအသင်းအနေနဲ့ ပထမအကျော့ပွဲစဉ်မှာ ဘက်တစ်အသင်းကို ဂိုးမရှိသရေကစားနိုင်ခဲ့တယ်ဆိုပေမဲ့လဲ သူတို့နှစ်သင်း၂၀၂၂ ခုနှစ်နောက်ပိုင်းတွေ့ဆုံမှု ၁၁ ကြိမ်မှာတော့ ဘက်တစ်အသင်းက ငါးပွဲနိုင်၊ ဗယ်လ်ကာနိုအသင်းက တစ်ပွဲသာအနိုင်ရရှိထားပြီး ငါးပွဲထိသရေကျထားပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ တွေ့ဆုံမှုနဲ့ လက်ရှိခြေစွမ်းပိုင်းအသာရရှိနေတဲ့ ဘက်တစ်အသင်းကို အားပေးရမှာပါ။

### ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၂ | - | ၁ | ဗီယင်နီ |
| ဘက်တစ် | ၂ | - | ၁ | ဗလင်စီယာ |
| ဘက်တစ် | ၀ | - | ၅ | အေတီကို |
| အေတီကို | ၀ | - | ၁ | ဘက်တစ် |
| မာယော့ကာ | ၁ | - | ၂ | ဘက်တစ် |

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက်စ် | ၂ | - | ၀ | ဗယ်လ်ကာနို |
| ဆယ်လ်တာဗီဂို | ၃ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၃ | အိုဆာဆူနာ |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၃ | - | ၀ | အေတီကို |

## လေဗာကူဆင်အသင်း အနိုင်ရသွားမှာပါ

နောက်ဆုံးရွေးချယ်ပေးချင်တဲ့ပွဲစဉ်ကတော့ ယူနီယံဘာလင်နဲ့ လေဗာကူဆင်အသင်းတို့ရဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၂၃)ဖြစ်ပါတယ်။ သူတို့နှစ်သင်းရဲ့ပထမအကျော့ပွဲစဉ်မှာတော့ လေဗာကူဆင်အသင်းက အိမ်ကွင်းမှာ နှစ်ဂိုး ဂိုးမရှိနဲ့အနိုင်ရထားတာပဲဖြစ်ပါတယ်။ လက်ရှိမှာ ယူနီယံဘာလင်အသင်းဟာ ဘွန်ဒက်လီဂါပွဲစဉ် ၂၂ ပွဲကစားအပြီးမှာ ခြောက်ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ကိုးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၀) နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ရမှတ် ၂၅ မှတ်ရရှိထားပြီး တန်းဆင်းဇုန်အတွက် ဖိအားမရှိသလို ဥရောပဝင်ခွင့်အတွက်ကလဲ မျှော်လင့်စရာမရှိတဲ့အနေအထားပါ။ ဒါကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ သူတို့အသင်းအနေနဲ့ ကစားပုံကျဆင်းနေသလို ဘွန်ဒက်လီဂါနောက်ဆုံးခုနစ်ပွဲဆက်လဲ နိုင်ပွဲပျောက်ဆုံးခဲ့ပါတယ်။ အဲဒီခုနစ်ပွဲမှာ သုံးပွဲရှုံးနိမ့်ထားပြီး လေးပွဲထိသရေကျထားတာကြောင့် သူတို့အသင်းအနေနဲ့ အခုပွဲစဉ်မှာအိမ်ကွင်းဖြစ်ပေမဲ့ နိုင်ပွဲရဖို့ခက်ခဲနိုင်ပါတယ်။

လေဗာကူဆင်အသင်းကတော့ ဘောလုံးရာသီပထမအကျော့ပွဲစဉ်တွေမှာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိခဲ့ဘူးဆိုပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာတော့ တိုက်စစ်ပိုင်းပြန်လည်ထက်မြက်လာခဲ့ပြီး ပြိုင်ပွဲစုံနောက်ဆုံးခုနစ်ပွဲဆက် ရှုံးပွဲမရှိတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိမှာ ရမှတ် ၃၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၆)နေရာကို ပြန်လည်ရပ်တည်နိုင်တာကြောင့်လဲ ဥရောပဝင်ခွင့်အတွက် လိုက်ပ်ဇစ်၊စတုဂတ်အသင်းတို့ကို ဖိအားပေးကစားနေတာပဲဖြစ်ပါတယ်။ ဒ့ါပြင် နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်တွေမှာလဲ ဗီလာရီးရဲလ်၊ ဖရန့်ဖတ်နဲ့ ဂရိကလပ် ကိုလံပီယာကို့စ်အသင်းတို့ကို အနိုင်ရယူထားနိုင်တာကြောင့် အခုပွဲစဉ်မှာလဲ အိမ်ရှင်ယူနီယံဘာလင်အသင်းကို အဘက်ဘက်က ဖိအားပေးကစားလာပါလိမ့်မယ်။ ဒါကြောင့် အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ လေဗာကူဆင်အသင်းပဲ အနိုင်ရသွားမှာပါ။

### ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၁ | - | ၁ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၀ | - | ၃ | ဒေါ့မွန် |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၁ | - | ၁ | ဖရန့်ဖတ် |
| ဟမ်းဘတ် | ၃ | - | ၂ | ယူနီယံဘာလင် |

### လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၁ | - | ၃ | လေဗာကူဆင် |
| လေဗာကူဆင် | ၃ | - | ၀ | စိန့်ပေါ်လီ |
| ဂလာဘတ် | ၁ | - | ၁ | လေဗာကူဆင် |
| လေဗာကူဆင် | ၄ | - | ၀ | စိန့်ပေါ်လီ |
| အိုလံပီယာကို့စ် | ၀ | - | ၂ | လေဗာကူဆင် |

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂၆ ရက်နေ့ (အစား) ၂၈-၂-၂၀၂၆ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

### ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီတွင် ငါးကွမ်းရှပ်ခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၄၀၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသကထွက်တဲ့ ငါးကွမ်းရှပ်ခြောက်ကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာကြောင့် တင်ပို့ရောင်းချနေရပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ငါးခြောက်တွေက နွေရာသီကလုပ်ထားတဲ့ ငါးခြောက်တွေဖြစ်ပါတယ်။ ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်။ အခုလို ငါးခြောက်တွေ အဝယ်လိုက်နေတော့ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေ၊ ရေလုပ်သားတွေ အဆင်ပြေပါတယ်''ဟု လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀၀ မှ ၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

## မော်လိုက်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မော်လိုက် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်မြို့နယ် နွေသီးနှံစိုက်ပျိုးရာသီ စပါးဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နွေစပါး စိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် နွေစပါး စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးခြင်း၊ တောင်သူ ပညာပေးသင်တန်း ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအရသာစစ်စစ်ဖြင့် အရသာထူး ဖိတ်ခေါ်ကြည်နူး ....

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality စံချိန်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆


STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊

ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှိ ဒေါ်ခင်ထွေး အမည်ပေါက် ဆိုင်ခန်းအမှတ်(၄-၅၆/၆၅/၆၆)၊ ဦးမောင်ကို အမည်ပေါက် ဆိုင်ခန်းအမှတ်(၄-၆၃/၆၄)၊ ဦးသန်းညွန့်ဝေအမည်ပေါက်ဆိုင်ခန်းအမှတ် (၄-၅၈)၊ ဦးမြင့်ဝေ အမည်ပေါက်ဆိုင်ခန်းအမှတ်(၄-၅၇)၊ ဒေါ်ခင်ထွေးအမည်ပေါက်ဆိုင်ခန်းအမှတ်(အလင်းရောင်-၃/၄)၊ ဒေါ်ခင်မေသိန်း အမည်ပေါက် ဆိုင်ခန်းအမှတ်(အလင်းရောင်-၅)၊ ဦးတင်ဝင်းအမည်ပေါက်ဆိုင်ခန်း အမှတ်(အမာခံ-၂၀)၊ ဒေါ်သိန်းရွှေ အမည်ပေါက်ဆိုင်ခန်းအမှတ်(အလင်းရောင်-၄၇)၊ ဒေါ်အေးအေးဝင်းအမည်ပေါက်ဆိုင်ခန်းအမှတ်(အလင်းရောင် -၁၅)နှင့် ဦးမင်းမင်းသန်း အမည်ပေါက်ဆိုင်ခန်းအမှတ်(၄-၁၁)တို့၏ ဆိုင်ခန်းများအား အဖွဲ့သို့ပြန်လည်အပ်နှံလာပါသဖြင့် အဖွဲ့ပိုင်အဖြစ်သိမ်းယူ သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထား အပြည့်အစုံဖြင့် မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင် လာရောက်တွေ့ဆုံကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
**အမှတ်(၂-က) ပုံဖော်စက်ရုံ၊ အမရပူရမြို့**
**အိတ်ဖွင့်လေလံကြော်ငြာခြင်း**

၁။ အမှတ်(၂-က) ပုံဖော်စက်ရုံမှထွက်ရှိသော ကျွန်း Top Layer(S.4.S)လပ်ပုံ(၁)ပုံ (၂.၀၀၆၈)တန်၊ Beading(S.4.S) လပ်ပုံ (၁)ပုံ(၁.၄၁၇၉)တန်နှင့် Finger Joint လပ်ပုံ(၁)ပုံ(၁.၄၈၇၇)တန် စုစုပေါင်း လပ်ပုံ(၃)ပုံ (၄.၉၁၂၄)တန်ကို အိတ်ဖွင့်(ဈေးပြိုင်)လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ လေလံပွဲကျင်းပမည့်နေ့ - ၄-၃-၂၀၂၆(ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ အမှတ်(၂-က)ပုံဖော်စက်ရုံ ရှင်းလင်းဆောင်၊ အမရပူရမြို့နယ်
ကျင်းပမည့်အချိန် - နံနက်(၁၀:၀၀)နာရီ

၃။ လေလံပွဲအသေးစိတ်အချက်အလက်များနှင့် လေလံလျှောက်လွှာများကို အောက်ပါလိပ်စာအတိုင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

ဈေးပြိုင်လေလံရောင်းချရေးကော်မတီ
အမှတ်(၂-က)ပုံဖော်စက်ရုံ၊ အမရပူရမြို့နယ်၊
ဖုန်း ၀၉-၄၅၆၄၃၄၂၆၆

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အလက(ခွဲ)မြင်စိုင်းကျောင်း၊ Grade-3 တန်းတွင် ပညာသင်ကြားနေသော မောင်ဘုန်းပြည့်သုတ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအာကာမျိုး ဖြစ်ပါကြောင်း။ **ဦးအာကာမျိုး(၉/ပကခ(နိုင်)၀၁၅၀၄၂)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက် ၄၀၆(B)နေ ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဇော်မင်းထွန်း(၉/ခမစ(နိုင်) ၀၅၄၈၆၁)သည် မိခင်ဖခင်တို့အား ကိုယ်၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဖခင်-ဦးအေးကျော်(၉/မရတ(နိုင်)၀၄၉၈၀၁)
မိခင်-ဒေါ်ပုလဲ(၁/မကတ(နိုင်)၀၀၆၉၀၈)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားခဲ့သော မဝင့်ဝါနှင့် Grade-11 တွင် ပညာသင်ကြားနေသော မနန်းနန်းထွေးတို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်လင်းဖြစ်ပါကြောင်း။

ဦးအောင်လင်း(၉/ပသက(နိုင်)၁၃၅၅၇၅)

**အဖိုးတန်ရေချိုကို ချွေတာပါ**



❖ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်သည် ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့မယ်တို့အနေဖြင့် ဆရာများတွင် ရှိအပ်သော ဆရာ့ဂုဏ်အင်္ဂါ ခုနစ်ပါးဖြစ်သည့် ရိုသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခြင်းထိုက်သော ဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေပါက အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသော သဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်း စသည့် ဂုဏ်များနှင့် ပြည့်စုံကြရန်လိုအပ်…

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၇၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၉

၂၀၂၆ ခုနှစ် ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ၇၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ(က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု

စာမျက်နှာ ၁၆ ကော်လံ ၁☆

၇၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် ရောဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲများရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့၌ ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၆ မိနစ်တွင်


စာမျက်နှာ ၂၀ ကော်လံ ၁ ❖

## ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံသို့ ဦးတည်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)





**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257